# ကြေးမုံ
# The Mirror

၁၃၆၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်၊ တနင်္ဂနွေနေ့၊ (10-9-2006) (၅၀၇၆)


**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အမျိုးသားညီလာခံကို အောက်တိုဘာ ၁၀ ရက်တွင် ဖျော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ပြန်လည်ကျင်းပမည် ညီလာခံကိုယ်စားလှယ်များထံ လုပ်ထုံးလုပ်နည်းနှင့်အညီ စက်တင်ဘာ ၁၀ ရက်မှ စတင်ပြီး ဖိတ်စာများပေးပို့နိုင်ရေးအတွက် ပြည်နယ်နှင့်တိုင်းများမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းထား ကြိုဆိုပို့ဆောင်ရေး၊ နေရာချထားရေး၊ ကျွေးမွေးဧည့်ခံရေး၊ ကျန်းမာရေး ကိစ္စအဝဝလိုလေသေးမရှိရန်စီမံ ညောင်နှစ်ပင်စခန်းလုံခြုံရေးနှင့် ညီလာခံကိုယ်စားလှယ်အားလုံးလုံခြုံရေး စနစ်တကျ ညှိနှိုင်းဆောင်ရွက်

**အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၃/၂၀၀၆)တွင် ဆွေးနွေးမှာကြားစဉ်။** (အပေါ်ပုံ) (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၉

**အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၃/၂၀၀၆)ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။**

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်တွဲဖက်အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

**ဆွေးနွေးမှာကြား**

ရှေးဦးစွာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးမှာကြားရာတွင်

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❐

**ကြေးမုံ The Mirror**

**ဆောင်းပါး အညွှန်း**

▶ *ပြီးခဲ့သည့် ၂၀၀၅-၂၀၀၆ခုနှစ်တွင် မိုးစပါးစိုက်ဧက ၁၅ ဒသမ ၄ သန်းအထိ စံချိန်တင် စိုက်ပျိုးနိုင်ရာ မိုးစပါး၊ နွေစပါး စိုက်ဧကပေါင်းလိုက်လျှင် စပါးစိုက်ဧက ၁၇ ဒသမ ၉ သန်း ကျော်သွားခဲ့သည်။ စပါးစိုက်ဧက အများဆုံး စိုက်ပျိုးသောနှစ်အဖြစ် မှတ်တမ်းသစ်ပြုရမည်ဖြစ်သည်။*

ဦးဇော်၏ **"နိုင်ငံတော်၏ တိုင်းပြုပြည်ပြု သမိုင်းမှတ်တိုင်များ(၂)"**

(ဆောင်းပါး) စာမျက်နှာ-၃

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror

၁၀-၉-၂၀၀၆
(တနင်္ဂနွေနေ့)

## စဉ်ဆက်မပြတ် ပညာရေးအစီအစဉ်များ အရှိန်အဟုန်မြှင့်တင်

နိုင်ငံတကာတွင် ဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ ရောဂါဘယ ကင်းစင်ရေးနှင့် စာတတ်မြောက်ရေးစသည့် လူမှုရေးဘ၀ အရည်အသွေး မြင့်မားမှုများကို ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် လူဦးရေအများစုနေထိုင်ရာ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထား ဖြည့်ဆည်းပေးလျက်ရှိရာ ကျေးလက်နေပြည်သူများ ကျန်းမာရေးအဆင့်အတန်း မြင့်မားရေး၊ စီးပွားရေး တိုးတက်ရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် ပညာရည်မြင့်မားရေး လုပ်ငန်းစဉ်များ ပါ၀င်သည်။

မြန်မာ့ပညာရေး ရည်မှန်းချက်နှင့်အညီ အရည်အသွေးမြင့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာရေး၊ နိုင်ငံသူနိုင်ငံသားတိုင်း စာတတ်မြောက်ရေးအတွက် ကြိုးပမ်းလျက်ရှိသည်။ ကျောင်းသင်ပညာရေးနှင့် ကျောင်းပြင်ပပညာရေးတို့ကို ဟန်ချက်ညီညီ မြှင့်တင်နိုင်ခဲ့သည့်အတွက် အခွင့်အလမ်းပွင့်နေသော ပညာရေး ပတ်၀န်းကျင်ကောင်းများ ရရှိဖြစ်ထွန်းလာလျက် ရှိနေပြီဖြစ်သည်။

ကျောင်းသင်ပညာရေးတွင် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေးနှင့် အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်စေရေး ၀ိုင်း၀န်းဆောင်ရွက်လျက်ရှိရာ ၂၀၀၆-၂၀၀၇ ပညာသင်နှစ်၌ ကျောင်းနေအရွယ် ကလေးများ၏ ကျောင်း၀င်နှုန်းမှာ ၉၇ ဒသမ ၈၄ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်။

ကျောင်းပြင်ပ ပညာရေးတွင်လည်း ကျောင်းနေရွယ်လွန်ကလေးများ မူလတန်းပညာ ဆက်လက်သင်ယူနိုင်ရေး၊ သက်ကြီးအခြေခံ စာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေး အစီအစဉ်များကို တစ်နိုင်ငံလုံး ဖြန့်ကြက်ဖော်ဆောင်လျက်ရှိသည်။ ထို့ကြောင့် ယခုနှစ်တွင် သက်ကြီး စာတတ်မြောက်မှုနှုန်းမှာ ၉၄ ဒသမ ၃၅ ရာခိုင်နှုန်းအထိ မြင့်မားလာခဲ့ပြီ ဖြစ်သည်။

နိုင်ငံတစ်၀န်းတွင် ရပ်ရွာပညာပဒေသာဌာနပေါင်း ၈၉၆ ခု တည်ထောင် ဖွင့်လှစ်ထားရာ ရပ်ရွာရှိပြည်သူအားလုံး စာဖတ်ရှိန်မြှင့်တင်ရေး၊ ဘ၀သာယာရေးနှင့် ပညာဗဟုသုတ ရယူနိုင်ရေးတို့အတွက် အထောက်အကူပြုလျက်ရှိသည်။

ယခုအခါ နိုင်ငံတော်က နိုင်ငံသူ၊ နိုင်ငံသားတိုင်း စာတတ်မြောက်ရေးနှင့် လူတိုင်းအတွက် ပညာရေးဆိုင်ရာများကို အဘက်ဘက်က စီမံဖြည့်ဆည်းပေးလျက်ရှိရာ မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်း မြင့်မားတိုးတက်လျက်ရှိသည်။ ပညာရေးဆိုင်ရာ တာ၀န်ရှိသူများနှင့် စေတနာရှင်ပြည်သူများပူးပေါင်း၍ စဉ်ဆက်မပြတ် ပညာရေးအစီအစဉ်များ မြှင့်တင်ကြိုးပမ်းကြခြင်းဖြင့် ပြည်သူများ၏ စာတတ်မြောက်မှု၊ ဗဟုသုတကြွယ်၀မှု၊ ကျန်းမာရေးနှင့် လူမှုရေး အသိပညာမြင့်မားမှုများ ပိုမိုတိုးတက်လာနိုင်မည် ဖြစ်ပါသည်။ ။

ကွယ်လွန်သူမိဘများဖြစ်ကြသော(ဦးစိန်၀င်း၊ ဒေါ်ဘုံးစိန်၊ ဦးသန်းညွန့်)တို့အားရည်စူး၍ ရန်ကုန်မြို့ ကမ္ဘာအေး ၀ိုင်ယာလက်(၁)လမ်းနေ ကိုအောင်မိုးညွန့်-မခိုင်ခိုင်၀င်း၊ သမီး မယမင်းသက်နှင်း၊ မခိုင်ဇင်နွယ်မိုး မိသားစုတို့က ဒဂုံမြို့နယ် စကား၀ါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ-နိ(ရန်ကုန်ဌာန) လက်ထောက်အုပ်ချုပ်ရေးမှူး ဦးထိန်၀င်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

### ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်၀ါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ၀င်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# နေပြည်တော်ရှိ ရေဆင်းဆည်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၉

**နေပြည်တော်ရှိ ရေဆင်းဆည်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပွဲကို စက်တင်ဘာ ၈ရက် နံနက် ၇နာရီတွင် သစ်တောဂေါက်ကွင်းအနီးရှိ ရေဆင်းဆည်၌ ကျင်းပရာ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ မွေးမြူရေးနှင့်ရေလုပ်ငန်း၀န်ကြီးဌာန၀န်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒေတ္တဥက္ကဋ္ဌ ဦးခင်မောင်ဇော်နှင့် ဌာနဆိုင်ရာတာ၀န်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့၀င်များ၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၀င်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၀င်များ တက်ရောက်ကြသည်။**

ငါးမျိုးစိုက်ထည့်ပွဲတွင် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ၀န်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းနှင့် တက်ရောက်လာကြသူများက ငါးမျိုးများကို ရေဆင်းဆည်အတွင်းနှင့် ဆည်ရေပြင်အတွင်း ပြုလုပ်ထားသည့် ငါးသားပေါက်ပြုစုကန်များအတွင်းသို့ စိုက်ထည့်ပေးကြသည်။

**ထည့်သွင်းပေး**

အဆိုပါ စိုက်ထည့်ပွဲတွင် ငါးမြစ်ချင်းကောင်ရေနှစ်သိန်း၊ ငါးခုံးမကြီးကောင်ရေနှစ်သိန်းငါးသောင်း၊ မြက်စားငါးကြင်း၊ ငါးသိုင်းခေါင်းပွ၊ ငွေရောင်ငါးကြင်း၊ တီလားပီးယား၊ ရွှေ၀ါငါးကြင်း ကောင်ရေတစ်သောင်းစီနှင့် ရေချိုပုစွန်ကောင်ရေ လေးသောင်းတို့ကို မျိုးစိုက်ထည့်သွင်းပေးကြသည်။

နေပြည်တော်တိုင်း စစ်ဌာနချုပ်အနေဖြင့် သားငါးကဏ္ဍ ဖူလုံစေရေးအတွက် ရေဆင်းဆည်အတွင်း ဆည်ကွေ့နေရာများတွင် ယခုကဲ့သို့ ပြုစုကန်များဖြင့် ငါးသားပေါက်များကို တစ်လပြုစုပေး၍ တစ်လသားပြည့်ပါက ဆည်ကွေ့နေရာ၌ ပိတ်ထားသည့် ယင်းများအတွင်း ထည့်သွင်းမွေးမြူသွားမည်ဖြစ်ပြီး စိတ်ချရသည့် အရွယ်တွင် ဆည်အတွင်းသို့ ထည့်သွင်းသွားမည်ဖြစ်ကြောင်းနှင့် နေပြည်တော်တိုင်း စစ်ဌာနချုပ်အနေဖြင့် ယခုနှစ်တွင် ရေဆင်းဆည်အတွင်း ငါးသားပေါက်ကောင်ရေ ၁၀သိန်းအထိ ထည့်သွင်းမွေးမြူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ဝေလွင်၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ၀န်ကြီးဌာန ၀န်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းနှင့် အဖွဲ့၀င်များ နေပြည်တော်ရှိ ရေဆင်းဆည်အတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးကြစဉ်။** (သတင်းစဉ်)

# မင်္ဂလာဒုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၉**

မင်္ဂလာဒုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)ကို စက်တင်ဘာ ၇ရက်နံနက် ၇နာရီတွင် မြို့နယ်အသင်းရုံးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်မောင်၀င်းနှင့် ဦးဆွေအောင်တို့တက်ရောက်ပြီး ခရိုင်အသင်း အလုပ်အမှုဆောင် ဦးကျော်သူရအောင်နှင့် မြို့နယ်ဌာနဆိုင်ရာ တာ၀န်ရှိသူများ၊ အသင်းအဖွဲ့များ တက်ရောက်ကြပြီး မင်္ဂလာဒုံမြို့နယ်အတွင်း တက္ကသိုလ်၀င်စာမေးပွဲ၌ ဘာသာစုံဂုဏ်ထူးရရှိသူ ခုနစ်ဦးတို့အား ထူးချွန်ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။ (အပေါ်ပုံ)

ဆက်လက်၍ ကုန်းတလဘောင် ကျေးရွာ အလက(၁) ကျောင်းအတွက် မြို့နယ်အသင်းမှ စာရေးခုံ ၁၀ခုံကို လှူဒါန်းရာ အလက(၂)ကျောင်းအုပ်ကြီး ဦးအောင်ကြည်က လက်ခံရယူသည်။

အစည်းအဝေး ဒုတိယပိုင်းတွင် မြို့နယ် အလုပ်အမှုဆောင်များက အစီရင်ခံစာများ ဖတ်ကြားတင်သွင်း ဆွေးနွေးကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (၅၃၂)

# နိုင်ငံတကာစာတတ်မြောက်ရေးနေ့ မင်္ဂလာတောင်ညွန့်မြို့နယ်၌ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၉**

နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာ ၈ ရက် နံနက် ၁၀နာရီက မင်္ဂလာတောင်ညွန့် မြို့နယ်အထက(၁) မြတ်မင်္ဂလာခန်းမတွင် ပြုလုပ်ရာ မြို့နယ်ပညာရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးချစ်ကိုကိုနှင့် အဖွဲ့၀င်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ် လက်ထောက် ပညာရေးမှူး၊ ရပ်ကွက် ၂၀ မှ ရပ်ကွက်ဥက္ကဋ္ဌများ၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းများမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ တက်ရောက်ကြသည်။

မြို့နယ်ပညာရေးမှူး ကိုယ်စား အထက(၃) ကျောင်းအုပ်ဆရာမကြီး ဒေါ်၀င်း၀င်းခိုင်က အမှာစကားပြောကြားပြီး နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အကြောင်းကို အထက(၁) ကျောင်းအုပ်ဆရာကြီး ဦးလှသောင်းက ဟောပြောသည်။

**(အောက်ပုံ)**

ဆက်လက်၍ နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ် အထိမ်းအမှတ် စာစီစာကုံးနှင့်ပန်းချီ ပိုစတာပြိုင်ပွဲမှ ဆုရရှိသူများအား မြို့နယ်ပညာရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌနှင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌတို့က ဆုများပေးအပ်ချီးမြှင့်သည်။

(၃၂)

# နိုင်ငံတော်၏ တိုင်းပြု ပြည်ပြု သမိုင်းမှတ်တိုင်များ (၂)

ဦးဇော်

သမိုင်းပေးတာဝန်အရ ခေတ်စနစ်ဟောင်းကို ဖျက်သိမ်း၍ ခေတ်စနစ်သစ်ကို အသွင်ကူးပြောင်း ထူထောင်လျက်ရှိသည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်သော တပ်မတော်အစိုးရသည် ယခင်က နိုင်ငံတော်ကသာ အစစဦးစီးချုပ်ကိုင်ခဲ့သည့် စီးပွားရေးစနစ်ကို ဈေးကွက်စီးပွားရေးစနစ်ဖြင့် အစားထိုးပြောင်းလဲဖော်ဆောင်နိုင်အောင် စီမံဆောင်ရွက်လျက်ရှိသည်။ အစိုးရက ဈေးနှုန်းသတ်မှတ်၍ သီးနှံများဝယ်ယူသော စနစ်တို့ကိုလည်း တစ်ဆင့်ပြီးတစ်ဆင့် ဖျက်သိမ်းလိုက်သည်။ ဗဟိုချုပ်ကိုင်မှု လျှော့ချသည်နှင့်အမျှ ပုဂ္ဂလိကအခွင့်အလမ်းများ ပွင့်လန်းလာသည်။ ဈေးကွက်များ ပိုမိုပွင့်လာရာ စပါးသီးနှံအပါအဝင် လယ်ယာသီးနှံများ ဈေးနှုန်းကောင်းကောင်း ရလာသည်။

## ဆန်စပါးတိုးတက်ထွက်ရှိရေး

ဆန်စပါးကို ပြည်တွင်း၌ဖူဖူလုံလုံ စားသုံးနိုင်ရုံသာမက ပိုလျှံနေအောင် အစီအစဉ်များချမှတ်၍ ထိထိရောက်ရောက် အကောင်အထည်ဖော်ခဲ့သည်။ တပ်မတော်အစိုးရမတိုင်မီ ၁၉၈၇ ခုနှစ်တွင် စပါးစိုက် ဧက ၁၁ ဒသမ ၅ သန်းခန့်သာ ရှိခဲ့သည်။ ကိုလိုနီခေတ် ၁၉၃၁ ခုနှစ်၌ တိုင်းပြည်တွင် စပါးစိုက်ဧကသည် ၁၂ ဒသမ ၅ သန်းကျော်အထိ ဖြစ်ပေါ်ခဲ့ဖူးသည်။ လူဦးရေက တိုးတက်လာသော်လည်း စပါးစိုက်ဧကမှာ မတိုးသည့်အပြင် လျော့ကျလာရာ စားရေးအတွက် သောကမအေးစရာ ရင်ဆိုင်ကြုံတွေ့လာခဲ့ရသည်။

ထိုအခြေအနေ၊ ထိုအခါ၌ နိုင်ငံတော်၏ အမာခံရိက္ခာဆန်စပါးကို အထွက်တိုးတက်လာပြီး နောင်လာနောက်သားများအတွက်ပါ ရိက္ခာဖူလုံလာရေးအတွက် နိုင်ငံတော်အကြီးအကဲက ရည်မှန်းချက်များ တိတိကျကျ ချမှတ်၍ စပါးအထွက်တိုးရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် စတင်တွန်းအားပေးခဲ့သည်ကို ပြန်လည်သတိရမိသည်။

ပထမဆုံး တစ်နှစ်စပါးတင်းသန်း ၈၀၀ ထွက်ရှိရေး ရည်မှန်းချက်ကို စတင်ချမှတ်ခဲ့ရာ ၁၉၉၃-၉၄ ခုနှစ်မှ စ၍ စပါးတင်းသန်း ၈၀၀ ကျော် နှစ်စဉ်ပုံမှန် ထုတ်လုပ်လာနိုင်သည်။ ထို့နောက် ဒုတိယ အဆင့်အဖြစ် စပါးတင်းသန်း ၁၀၀၀ ထွက်ရှိရေးကို ဆက်လက်တာဝန် ပေးခဲ့ရာ ၂၀၀၀-၂၀၀၁ ခုနှစ်မှစ၍ စပါးတင်းသန်း ၁၀၀၀ ကျော် ထုတ်လုပ်နိုင်ပြီး စပါးအထွက်တိုးလာသည်။

တတိယအဆင့် ရည်မှန်းချက်ဖြစ်သည့် တင်းသန်း ၁၂၀၀ ထွက်ရှိရေးကို ဆက်လက်အားထုတ်ကြိုးပမ်း အကောင်အထည် ဖော်စေခဲ့ရာ ပြီးခဲ့သည့် ၂၀၀၅-၂၀၀၆ ခုနှစ်တွင် စပါးတင်းသန်း ၁၂၀၀ ကျော် တိုးတက်ထုတ်လုပ်လာနိုင်ခဲ့သည်။ ယခင်အစိုးရ ခေတ်အဆက်ဆက်၌ စပါးအများဆုံး ထုတ်လုပ်နိုင်သည့်နှစ်၌ပင် တင်းသန်း ၆၈၀ ခန့်သာ ထွက်ရှိသည့်အတွက် ယခုဆိုလျှင် တင်းသန်း ၅၂၀ ကျော် ပိုမိုထုတ်လုပ်နိုင်ပြီဖြစ်ရာ နောင်သားသမီး မြေးမြစ်အထိပင် စားနပ်ရိက္ခာနှင့် စပ်လျဉ်းပြီး ပူပင်သောက ဖြစ်စရာမလိုတော့အောင် အခြေခံအုတ်မြစ်ကောင်း ချမှတ်ပေးထားနိုင်ပြီဖြစ်သည်။ **စပါးစုစုပေါင်း အထွက်စံချိန် တင်းသန်း ၁၂၀၀ မှာ မြန်မာ့လယ်ယာသမိုင်းတွင် အမြင့်မားဆုံးပင်ဖြစ်သည်။ ယင်းအမြင့်ဆုံး စံချိန်ကိုလည်း စံချိန်သစ်များဖြင့် ထပ်မံချိုးသွားဦးမှာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံတော်က စပါးတင်းသန်း ၁၅၀၀ ထွက်ရှိရေး ရည်မှန်းချက်သစ် ထပ်မံချမှတ် ပေးထားခြင်းကြောင့်ဖြစ်ပေသည်။**

**စပါးအထွက်တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရာ၌ တစ်ဧကအထွက်နှုန်း တိုးတက်မှုထက် စိုက်ဧကတိုးချဲ့နိုင်ခြင်းက ပိုမိုအားကောင်းလျက်ရှိသည်။ ပြီးခဲ့သည့် ၂၀၀၅-၂၀၀၆ ခုနှစ်တွင် မိုးစပါးစိုက်ဧက ၁၅ ဒသမ ၄သန်း အထိ စံချိန်တင် စိုက်ပျိုးနိုင်ရာ မိုးစပါး၊ နွေစပါးစိုက်ဧက ပေါင်းလိုက်လျှင် စပါးစိုက်ဧက ၁၇ ဒသမ ၉ သန်းကျော်သွားခဲ့သည်။ စပါးစိုက်ဧက အများဆုံးစိုက်ပျိုးသော နှစ်အဖြစ် မှတ်တမ်းသစ်ပြုရမည်ဖြစ်သည်။**

### အောင်မြင်ဖြစ်ထွန်းနေသော စပါးစိုက်ခင်း

**နိုင်ငံတော်က စိုက်ပျိုးရေရရှိအောင် ဆည်တမံများ တည်ဆောက်ပေးခဲ့မှုကြောင့် မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် သမ္မတောကျေးရွာ၌ အောင်မြင်ဖြစ်ထွန်းနေသော စပါးစိုက်ခင်းများတွင် စုပေါင်းတမန်းနှိုး၍ မြေဩဇာကြဲပက်နေကြစဉ်။**

**နိုင်ငံတော်၏ နှစ်အလိုက် စပါးစိုက်ဧကနှင့်အထွက်**

| | စပါးစိုက်ဧကပေါင်း(သန်း) | စပါးအထွက်တင်းပေါင်း(သန်း) |
|---|---|---|
| ၁၉၈၇ | ၁၁ ဒသမ ၅ | ၆၅၃ |
| ၁၉၉၁ | ၁၁ ဒသမ ၉ | ၆၃၃ |
| ၁၉၉၃ | ၁၄ ဒသမ ၀ | ၈၀၃ |
| ၁၉၉၅ | ၁၅ ဒသမ ၂ | ၈၆၀ |
| ၂၀၀၁ | ၁၅ ဒသမ ၇ | ၁၁၅၂ |

## ဒေသဆန်ဖူလုံရေး

ပြည်နယ်/တိုင်းများ၏ ဒေသဆန်ဖူလုံမှုအခြေအနေကို ပြန်ကြည့်လျှင် ယခင်က ဆန်ဖူလုံမှုမရှိသည့် ကချင်၊ ကယား၊ ကရင်၊ တနင်္သာရီ၊ ရန်ကုန်နှင့်ရှမ်းတို့သည် စပါးအထွက် တိုးတက်လာသည်နှင့်အမျှ ဆန်ဖူလုံသည့် ပြည်နယ်၊ တိုင်းများအဖြစ် ပြောင်းလဲ ရပ်တည်လာနိုင်ပြီဖြစ်သည်။ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ချင်းပြည်နယ် သုံးခုသာ ဆန်ဖူလုံရန်ကျန်သော်လည်း ယင်းတို့၏ ဒေသအလိုက် ဆန်ဖူလုံမှုရာခိုင်နှုန်းမှာလည်း အားရဖွယ်ရာ တိုးတက်လာလျက်ရှိသည်။ ထို့ကြောင့် **ပြည်ထောင်စုကြီး၏ အဖွဲ့ဝင်များဖြစ်သည့် ပြည်နယ်၊ တိုင်း ၁၄ ခုအနက် ပြည်နယ်၊ တိုင်း ၁၁ ခု အထိ ဒေသဆန်တိုးမြင့်ဖူလုံလာပြီး စစ်ကိုင်းတိုင်း၌လည်း အထက်မြန်မာပြည်၏ ဆန်အိုးကြီးအဖြစ်ရပ်တည်လာနိုင်အောင် ဆန်စပါးများ ပိုပိုလျှံလျှံ ထုတ်လုပ်လာနိုင်လျက်ရှိပြန်ရာ အမာခံရိက္ခာဆန်စပါး ထုတ်လုပ်မှုအောင်ပွဲသည် နိုင်ငံတော်အတွက် ကြီးမားသော သမိုင်းဝင် အောင်ပွဲပင် ဖြစ်သည်။**

## သီးနှံစိုက်စွမ်းအားမြင့်မားလာခြင်း

စပါးသီးနှံကဲ့သို့ပင် ပဲအမျိုးမျိုး စိုက်ပျိုးမှုမှာလည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်လာလျက်ရှိသည်။ **၁၉၈၇ ခုနှစ်၌ ပဲမျိုးစုံစိုက်ဧကမှာ ၁ ဒသမ ၅ သန်းသာရှိခဲ့ရာမှ ယခုအခါ ကိုးသန်းခန့်အထိ တိုးချဲ့စိုက်ပျိုးထုတ်လုပ်လျက်ရှိသဖြင့် မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများ၌ ပဲမျိုးစုံအများဆုံး စိုက်ပျိုးထုတ်လုပ်သည့် ဦးဆောင်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်ကိုလည်း စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ၌ သမိုင်းဝင်မှတ်တိုင်တစ်ခုအဖြစ် အသိအမှတ်ပြုကြရမှာ ဖြစ်သည်။**

ခြုံလိုက်လျှင် စပါးအထွက်သိသာစွာ စံချိန်တင်တိုးတက်လာခြင်း၊ ပြည်နယ်/တိုင်းများ၌ ဒေသဆန် တိုးမြင့်ဖူလုံလာခြင်း၊ ပဲမျိုးစုံ အပါအဝင် သီးနှံမျိုးစုံစိုက်နိုင်သည့် စွမ်းအားမြင့်တက်လာခြင်းတို့ကြောင့် နိုင်ငံတော်၏ အသားတင် စိုက်ပျိုးမြေဧရိယာရော သီးနှံစိုက်ဧရိယာ စုစုပေါင်းပါ တိုးတက်လာကြောင်း ၁၉၈၇ ခုနှစ် အခြေအနေနှင့် ပြန်လည်နှိုင်းယှဉ်ကြည့်လျှင် ပိုမိုမြင်သာလျက်ရှိသည်။

| | ၁၉၈၇ | ၂၀၀၅ |
|---|---|---|
| အသားတင်စိုက်ပျိုးသည့် မြေဧရိယာ(ဧက/သန်း) | ၁၉ ဒသမ ၇၃ | ၂၈ ဒသမ ၂၁ |
| စုစုပေါင်းသီးနှံမျိုးစုံ စိုက်ဧရိယာ(ဧက/သန်း) | ၂၄ ဒသမ ၆၃ | ၄၃ ဒသမ ၀၇ |
| ရေသွင်းစိုက်ပျိုးသည့် ဧရိယာ(ဧက/သန်း) | ၂ ဒသမ ၄၆ | ၄ ဒသမ ၇၆ |

စာမျက်နှာ ၇ ကော်လံ ၁ သို့ ⇨

### မရမ်းကုန်းရေထိန်းတံခါး

**မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ်၌တည်ရှိသော မရမ်းကုန်းရေထိန်းတံခါးကို တွေ့ရစဉ်။**

ရုရှားရေငုပ်သင်္ဘောအခြေစိုက်စခန်း ဗဒ်ယာယီဗို ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော ရေငုပ်သင်္ဘောများကို စက်တင်ဘာ ၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ရုရှားနျူကလီးယားရေငုပ်သင်္ဘော မီးလောင်၊ နှစ်ဦးသေဆုံး

**မော်စကို စက်တင်ဘာ ၈**

ရုရှားနျူကလီးယား ရေငုပ်သင်္ဘောတစ်စင်းသည် စက်တင်ဘာ ၇ ရက်က မီးလောင်ကျွမ်းမှုဖြစ်ပွားရာ သင်္ဘောသားနှစ်ဦးသေဆုံးကြောင်း၊ အဆိုပါသင်္ဘောမှာ မြောက်ပိုင်းရေတပ်မှ သင်္ဘောဖြစ်ကြောင်း ရေတပ်ဌာနမှ ထွက်ပေါ်လာသောသတင်းကိုကိုးကား၍ အင်တာဖက်စ် သတင်းဌာနက စက်တင်ဘာ ၈ရက်တွင် ဖော်ပြသည်။

**ယိုစိမ့်မှုမရှိ**

ယင်းရေငုပ်သင်္ဘောသည် ဖင်လန်နိုင်ငံ နယ်စပ်အနီး ရိုင်ဘာချီကျွန်းဆွယ်မြောက်ဘက် ကမ်းလွန်တွင် ကျောက်ချထားချိန်တွင် မီးလောင်မှုဖြစ်ပွားခြင်း ဖြစ်ကြောင်း၊ သို့သော် ဓာတ်ရောင်ခြည် ယိုစိမ့်မှု မရှိသည့်အတွက် စိုးရိမ်ဖွယ်ရာ မရှိကြောင်း အဆိုပါ သတင်းဌာနက ပြောကြားသည်။

**ဆွဲယူသွား**

ဘာရင်းစ်ပင်လယ်ရှိ ရုရှားရေငုပ်သင်္ဘောများ အခြေစိုက်ရာ ဗဒ်ယာယီဗိုဆိပ်ကမ်းသို့ ယင်းရေငုပ် သင်္ဘောကို ယခုအခါ ဆွဲယူသွားပြီ ဖြစ်သည်။

**ပြောကြား**

သင်္ဘော၏ လျှပ်စစ်ဓာတ်အားပေးစက်ခန်းမှ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး ညဉ့်နက်ပိုင်းတွင် မီးကိုငြိမ်းသတ်နိုင်ခဲ့သည်။နျူကလီးယားဓာတ်ပေါင်းဖိုကို ကာကွယ်ပေးထားသည့်ကိရိယာများကြောင့် ဓာတ်ရောင်ခြည်ပျံ့နှံ့မှု မရှိကြောင်း ရေတပ်ဌာနမှ ပြောကြားချက်ကို သတင်းတွင် ဖော်ပြသည်။

**မသုံးသပ်**

အဆိုပါသင်္ဘော မီးလောင်မှု ဖြစ်ပွားရခြင်းနှင့် စပ်လျဉ်း၍ ရုရှားရေတပ်က ချက်ချင်း မသုံးသပ်သေးကြောင်း သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

# လက်ဘနွန်အားလေကြောင်းပိတ်ဆို့မှု အစ္စရေးစတင်ရုပ်သိမ်းပြီ

**ဂျေရုဆလင် စက်တင်ဘာ ၈**

အစ္စရေးက လက်ဘနွန်နိုင်ငံအပေါ် လေကြောင်းသွားလာမှု ပိတ်ဆို့ထားမှုကို ညနေ ၆ နာရီတွင် စတင်ရုပ်သိမ်းလိုက်ကြောင်း အစ္စရေးနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက စက်တင်ဘာ ၇ ရက်တွင် ပြောကြားသည်။

**စတင်ရုပ်သိမ်း**

အစ္စရေးတပ်မတော်က လက်ဘနွန်အား လေကြောင်းပိတ်ဆို့မှုကို စတင်ရုပ်သိမ်းနေပြီ ဖြစ်သည်ဟု ပြောရေးဆိုခွင့်ရှိသူ မတ်ရီဂျက်ကသတင်းမီဒီယာသို့ ပြောကြားသည်။ သို့ရာတွင် အပြီးသတ် ရုပ်သိမ်းမည့်အချိန်ကိုမူ ပြောကြားခြင်းမရှိပေ။

လက်ဘနွန်အပေါ် လေကြောင်းသွားလာမှု ပိတ်ဆို့မှု အဆုံးသတ်ပြီဟု အစ္စရေး ဝန်ကြီးချုပ် အိုးလ်မတ်၏ ပြောရေးဆိုခွင့်ရှိ အမျိုးသမီးမီရီဒီဆင်က အတည်ပြုပြောကြားသည်။ သို့ရာတွင် ပင်လယ်ဆိပ်ကမ်းမြို့များကို ပိတ်ဆို့ထားမှု အဆုံးသတ်ရေး အစီအစဉ်ကိုမူ ၄၈ နာရီအထိ ရွှေ့ဆိုင်းထားသည်ဟု ၎င်းကပြောကြားသည်။

အစ္စရေးက လက်ဘနွန်အပေါ် ပိတ်ဆို့မှု ချက်ချင်းရုပ်သိမ်းသည်နှင့် တစ်ပြိုင်နက် နိုင်ငံတကာ တပ်ဖွဲ့များက လက်ဘနွန် လေဆိပ်နှင့် ပင်လယ်ဆိပ်ကမ်းများကို ထိန်းချုပ်သင့်သည်ဟု အစ္စရေးဝန်ကြီးချုပ်ရုံးက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# လက်ဘနွန်ရေပြင်ပိုင်နက် ကြီးကြပ်စောင့်ကြည့်ပေးရန် ကုလသမဂ္ဂသို့ လက်ဘနွန်ဝန်ကြီးချုပ် မေတ္တာရပ်ခံ

ဘေရွတ် စက်တင်ဘာ ၈

**လက်ဘနွန်နိုင်ငံ၏ ရေပြင်ပိုင်နက်ကို ကြီးကြပ်စောင့်ကြည့်ပေးရန် လက်ဘနွန်အစိုးရက ကုလသမဂ္ဂသို့ စက်တင်ဘာ ၆ရက်တွင် မေတ္တာရပ်ခံသည်။**

ဂျာမန်တပ်ဖွဲ့ဝင်များ အပါအဝင် လက်ဘနွန်ရှိ ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များက လက်ဘနွန် ရေပြင်ပိုင်နက်ကို ကြီးကြပ်ပေးရန်အတွက် မစ်ရှင်တစ်ဖွဲ့စေလွှတ်ရန် စီစဉ်ပေးရေးကိစ္စကို လက်ဘနွန်ဝန်ကြီးချုပ် ဖော့ဆီနီယိုရာက ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်ထံသို့ မေတ္တာရပ်ခံသည့် စာတစ်စောင်ရေးသားပေးပို့ခဲ့သည်ဟု ဝန်ကြီးချုပ်ရုံးက ထုတ်ပြန်သည့် ကြေညာချက်အရ သိရသည်။

ယင်းပြဿနာနှင့် စပ်လျဉ်း၍ လက်ဘနွန်အစိုးရက ပြည့်စုံလုံလောက်သည့် ပူးပေါင်းဆောင်ရွက်မှုမျိုး ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဟု ကြေညာချက်တွင် ပါရှိသည်။ အစ္စရေးက ဟစ်ဇ်ဘိုလာပြောက်ကျားများနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို လွန်ခဲ့သည့်လအတွင်း ရရှိခဲ့သည်။ သို့ရာတွင် လက်ဘနွန်အပေါ် လေကြောင်း၊ ရေကြောင်း သွားလာမှုများ ပိတ်ဆို့ထားလျက်ရှိပြီး ယင်းလုပ်ရပ်သည် ဟစ်ဇ်ဘိုလာ ပြောက်ကျားများသို့ လက်နက်များမှောင်ခိုမပို့နိုင်ရန်တားမြစ်မှုသာဖြစ်သည်ဟု ပြောကြားသည်။

အစ္စရေးကလက်ဘနွန်အပေါ်ပိတ်ဆို့မှု ဖယ်ရှားရေးအတွက် အစ္စရေးကို တိုက်တွန်းရန်ကိစ္စ အပါအဝင် ပြဿနာအသီးသီးတို့ကို လက်ဘနွန်ဝန်ကြီးချုပ်က ကိုဖီအာနန်၊ ဂျာမန်ဝန်ကြီးချုပ် အင်ဂျီလာမာကယ်၊ အီဂျစ်သမ္မတ မူဘာရက်နှင့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်တို့နှင့် တယ်လီဖုန်းမှ ဆက်သွယ်၍ ဆွေးနွေးကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

လက်ဘနွန်ရေပိုင်နက်တွင် ကင်းလှည့်နေသော အစ္စရေးသင်္ဘောတစ်စင်းကို စက်တင်ဘာ ၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ဘဂ္ဂဒက်မြို့ စစ်ဆေးရေးဂိတ်တွင် ဗုံးဖောက်ခွဲ လူ ၁၂ ဦး ဒဏ်ရာရရှိ

**ဘဂ္ဂဒက် စက်တင်ဘာ ၈**

ကားဗုံးဖောက်ခွဲသူတစ်ဦးကဘဂ္ဂဒက်မြို့လယ်ရှိ စစ်ဆေးရေးဂိတ်တွင် ကြာသပတေးနေ့က ဗုံးဖောက်ခွဲခဲ့သဖြင့် လူ ၁၂ဦးထိခိုက်ဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနသို့ပြောကြားသည်။

အဆိုပါဗုံးဖောက်ခွဲမှုသည် ရဲစစ်ဆေးရေးဂိတ်နှင့် ယင်းဒေသရှိလက်ရွေးစင်တပ်ဖွဲ့ အခြေစိုက်စခန်း အနီးတွင် ပစ်မှတ်ထားပြုလုပ်ခဲ့ခြင်း ဖြစ်သည်ဟု အမည်မဖော်သည့် သတင်းရပ်ကွက်က ပြောကြားသည်။ ဗုံးဖောက်ခွဲသူသည် ပေါက်ကွဲစရာ ပစ္စည်းအပြည့်အသိပ်တင်ထားသည့်မော်တော်ယာဉ်ကိုမောင်းနှင်ပြီး ရဲလက်ရွေးစင်တပ်ဖွဲ့ အခြေစိုက်စခန်းအနီးရှိ ရဲစစ်ဆေးရေးဂိတ်အတွင်း ဝင်ရောက်တိုက်ခဲ့ပြီး ဖောက်ခွဲခဲ့ခြင်း ဖြစ်ကြောင်း၊ ယင်းနေရာသည် ဘဂ္ဂဒက်မြို့လယ်ရှိ အယ်လ်-ဂေလာနီ ဓာတ်ငွေ့ဆိုင်အနီးတွင်ရှိကြောင်း အဆိုပါသတင်းရပ်ကွက်က ပြောကြားသည်။

ယင်းတိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်အများအပြားအပါအဝင်လူ၁၂ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟုဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# အာရပ်နိုင်ငံများက နျူကလီးယားစွမ်းအင် ရရှိရေး ကြိုးပမ်းအားထုတ်ရန်ဆုံးဖြတ်ထားကြောင်း အာရပ်အဖွဲ့ချုပ်ပြောကြား

**ကိုင်ရို စက်တင်ဘာ ၈**

အာရပ်နိုင်ငံများက နျူကလီးယားစွမ်းအင် ရရှိရေး ကြိုးပမ်းအားထုတ်ကြရန် ဆုံးဖြတ်ထားကြောင်း ဗုဒ္ဓဟူးနေ့တွင် အာရပ်အဖွဲ့ချုပ် အတွင်းရေးမှူးချုပ် အမာမူဆာက ပြောကြားသည်။

အီရန်နိုင်ငံက အဏုမြူလက်နက် ထုတ်လုပ်ရန် အစီအစဉ်ရှိနေသည်ဟု အမေရိကန်က စွပ်စွဲထားပြီး ပြဿနာရှိနေသည့် အတိမ်းအစောင်းမခံသည့် ယင်းအချိန်မျိုးတွင်ဖော်ပြပါ ဆုံးဖြတ်ချက် ပေါ်ပေါက်လာခြင်းဖြစ်သည်။

**လက်မှတ်ရေးထိုး**

နျူကလီးယားလက်နက်မပြန့်ပွားရေး စာချုပ်လက်မှတ်ရေးထိုးထားသော နိုင်ငံများဖြစ်သည့် အာရပ်နိုင်ငံများ အနေဖြင့် ယင်းတို့ရရှိထားသောအခွင့်အရေးကို အသုံးပြုရန် ဆုံးဖြတ်ထားကြောင်း၊ ယင်းကြောင့်လည်း သဘောတူညီချက်တွင် လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်ပြီး နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုမည်ဖြစ်ကြောင်း မူဆာက ဆက်လက်ပြောကြားသည်။

**စတင်ဝင်ရောက်**

နိုင်ငံအများစုသည် ခေတ်မီတိုးတက်ပြီး လိုအပ်မှုလည်း ရှိနေကာ အတိမ်းအစောင်းမခံသည့် သိပ္ပံကဏ္ဍအတွင်းစတင်ဝင်ရောက်နေကြပြီ ဖြစ်သည်ဟု ၎င်းက အာရပ်အဖွဲ့ချုပ်မှ နိုင်ငံခြားရေး ဝန်ကြီးများအစည်းအဝေးတွင် သတင်းထောက်များအား ပြောကြားသည်။

အာရပ်နိုင်ငံအချို့တွင် အဏုမြူသုတေသနဌာနများ ရှိနေသော်လည်း မည်သည့်အာရပ်နိုင်ငံများကမျှ နျူကလီးယားစွမ်းအင်ကို စီးပွားရေးအရ ထုတ်လုပ်ခြင်း မရှိသေးဟု ၎င်းက ပြောကြားသည်။ အာရပ်အဖွဲ့ချုပ်တွင် အာရပ်နိုင်ငံပေါင်း ၂၂ နိုင်ငံပါဝင်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ ပြသထားသော မက်ဆာကာလီဆောရပ် တိုင်ပီဒါရေး သတ္တဝါ ရုပ်ကြွင်းတစ်ခုကို စက်တင်ဘာ ၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ကမ္ဘာ့ကုန်သွယ်ရေးအဆောက်အအုံ တိုက်ခိုက်ခံရစဉ် ကယ်ဆယ်ရေးဆောင်ရွက်ခဲ့သူများ အဆုတ်ဝေဒနာခံစားရ

နယူးယောက် စက်တင်ဘာ ၈

**အမေရိကန်နိုင်ငံရှိ ကမ္ဘာ့ကုန်သွယ်ရေးအဆောက်အအုံကို တိုက်ခိုက်မှုခံရစဉ်အချိန်က ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပါဝင်ခဲ့သူ ၁၀ ဦးလျှင် ခုနစ်ဦးခန့်သည် အဆုတ်နှင့်သက်ဆိုင်သော ဝေဒနာတစ်မျိုးမျိုးကို ခံစားရကြောင်း လေ့လာတွေ့ရှိသည်ဟု စက်တင်ဘာ ၅ ရက်က ထုတ်ပြန်သော အစီရင်ခံစာတွင်ပါရှိသည်။**

ကမ္ဘာ့ကုန်သွယ်ရေး အဆောက်အအုံ ပြိုကျစဉ်အတွင်း ပါဝင်ကယ်ဆယ်ခဲ့သူများအနက် ဆေးရုံမှ လေ့လာမေးမြန်းချက်များကို တုံ့ပြန်ဖြေကြားသူများ၏ ၇၀ ရာခိုင်နှုန်းမှာ အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာတစ်မျိုးမျိုးဖြင့် ကြုံကြရကြောင်း ပြန်လည်ဖြေကြားကြသည်ကို တွေ့ရသည်ဟုဆိုသည်။

ထိုအဖြစ်အပျက် မတိုင်မီက ကျန်းကျန်းမာမာရှိခဲ့သူများသည် ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်နေ့ အဖြစ်အပျက်နှင့် ကြုံရပြီးနောက်ပိုင်း၌ ဝေဒနာသစ်များ ခံစားလာကြရသည်။ ယင်းသို့ဖြစ်ရခြင်းမှာ အဆောက်အအုံပြိုကျစဉ်က ထွက်လာသော မသန့်ရှင်းသည့် ဖုန်မှုန့်များကို ရှူရှိုက်ရခြင်းကြောင့် ဖြစ်သည်ဟုဆိုသည်။

ဝေဒနာ ခံစားကြရသူများအနက် သုံးပုံတစ်ပုံမှာ အဆုတ်ပုံမှန် အလုပ်မလုပ်သည့်အဖြစ်များကို စစ်ဆေးတွေ့ရှိရသည်။ ၂၀၀၂ ခုနှစ်နှင့် ၂၀၀၄ ခုနှစ် ဧပြီလအတွင်း ကယ်ဆယ်ရေးလုပ်သားပေါင်း ၉၅၀၀ တို့ကို ဆေးစစ်မှုပြုလုပ်ခဲ့သည်။ ဤသို့ဆေးစစ်ရာမှ တွေ့ရှိရသော အချက်များအပေါ် အခြေခံ၍ မောင့်ဆီအိုင်း ဆေးရုံက အထက်ဖော်ပြပါ ကျန်းမာရေး အစီရင်ခံစာကို ပြုစုခဲ့ခြင်းဖြစ်သည်။

**ပြောကြား**

ကမ္ဘာ့ကုန်သွယ်ရေး အဆောက်အအုံ ပြိုကျလျှင် ပြိုကျချင်း ကယ်ဆယ်ရေး လုပ်ငန်းဆောင်ရွက်ခဲ့သူများတွင် ရောဂါဝေဒနာခံစားရမှုမှာ အပြင်းထန်ဆုံးဖြစ်သည်ဟု ဖော်ပြထားသည်။

ထိုစဉ်က ပါဝင်ခဲ့သူ စုစုပေါင်းသည် ၇၁၀၀၀ တို့အားလုံးသည် ကျန်းမာရေး ပြဿနာ တစ်မျိုးမျိုးခံစားကြရသည်။ ဤဝေဒနာ ခံစားကြရသူများအနက် ကနဦးပြိုကျမှုများဖြစ်စဉ်က အစောဆုံးသွားရောက် လုပ်ကိုင်ပေးသူများမှာ ဝေဒနာခံစားရမှု အများဆုံးဖြစ်ရာ ၎င်းလူများအတွက် ရန်ပုံငွေထူထောင်ပြီး အကူအညီပေးသွားရန် ဆောင်ရွက်နေကြောင်း နယူးယောက် မြို့တော်ဝန် မိုက်ကယ်ဘလုမ်းဘတ်ဂ်က ပြောကြားခဲ့သည်။

***အင်တာနက်။***

**အိန္ဒိယနိုင်ငံ အမ်ရစ်ဆာမြို့၌ ရှိရာ အစဉ်အလာပွဲတော် ကျင်းပနေသူများကို စက်တင်ဘာ ၈ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ–အင်တာနက်)*



**၂၀၀၈ခုနှစ် ပေကျင်းအိုလံပစ် အားကစားပြိုင်ပွဲတွင် အသုံးပြုမည့် အားကစားနည်းအလိုက် အထိမ်းအမှတ်အရုပ်များကို ရေးဆွဲသူပညာရှင်က ရှင်းလင်းပြသနေစဉ်။**
*(ဓာတ်ပုံ–ပေကျင်းရီဗျူး)*

# အမေရိကန်စစ်စခန်းလက်ခံ၍ ဒုက္ခတွေ့ရသော ဇာတ်လမ်း တောင်ကိုရီးယားနိုင်ငံ၌ လူကြိုက်များလျက်ရှိ

**ဆိုးလ် စက်တင်ဘာ ၈**

အမေရိကန်စစ်အခြေစိုက်စခန်း လက်ခံထားမိသည့်အတွက် အိမ်ရှင်နိုင်ငံတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှု ဖြစ်ပေါ်ရသည့်အကြောင်းကို ဇာတ်လမ်းဆင်ရိုက်ကူးထားသော ကိုရီးယားရုပ်ရှင်သည် တောင်ကိုရီးယားနိုင်ငံ၌ လူကြိုက်များ ရေပန်းစားလျက်ရှိသည်၊

"သည်ဟို့စ်"–အိမ်ရှင်ဟု အမည်ရသော ၎င်းရုပ်ရှင် စက်တင်ဘာလအစောပိုင်းက စတင်ပြသည်နှင့် တစ်ပြိုင်နက် ရုပ်ရှင်ရုံကို ပွဲတိုင်းရုံပြည့်လျှံကာ ကြိတ်ကြိတ်တိုးမျှ ကြည့်ရှုလျက်ရှိသည်။ လူဦးရေ ၄၈ သန်းမျှရှိသော တောင်ကိုရီးယားနိုင်ငံ၌ လပိုင်းအတွင်း ရုပ်ရှင်လက်မှတ်ပေါင်း ၁၂ ဒသမ ၃ သန်း ရောင်းရသည်အထိ ပရိသတ်လက်ခံသော ရုပ်ရှင်တစ်ကားအဖြစ် အောင်မြင်မှုရနေသည်။

တောင်ကိုရီးယားနိုင်ငံမှ ထုတ်လုပ်သော ရုပ်ရှင်ကားများအနက် ပထမဦးဆုံးသော ဝင်ငွေအမေရိကန်ဒေါ်လာ သန်းတစ်ရာကျော်ရလာစရာရှိသည့် ရုပ်ရှင်ကားပင်ဖြစ်သည်ဟု ဆိုသည်။ ယင်းဇာတ်ကားသည် တောင်ကိုရီးယားနိုင်ငံ၌သာမက အာရှတိုက်၌ပါ အောင်မြင်မှုရသော ဇာတ်ကားဖြစ်လာနိုင်ကြောင်း ခန့်မှန်းထားကြသည်။

***အမ်အင်အေ၊ရိုက်တာ။***

## နိုင်ငံတကာသတင်းများ

# အိန္ဒိယ၏ ဆက်သွယ်ရေးဂြိုဟ်တုကို သယ်ဆောင်သွားခဲ့သောဒုံးပျံ မော်တာချွတ်ယွင်းမှုကြောင့် ပျက်ကျခဲ့ရဟုဆို

ဘန်ဂလို (အိန္ဒိယ) စက်တင်ဘာ ၈

**အိန္ဒိယနိုင်ငံ၏ အလေးဆုံးဂြိုဟ်တုကို တင်ဆောင်သွားသော ဒုံးပျံတစ်စင်းသည် မော်တာချွတ်ယွင်းမှုကြောင့် ပျက်ကျခဲ့ရကြောင်း နိုင်ငံပိုင် အာကာသအေဂျင်စီက စက်တင်ဘာ ၈ ရက်တွင် ပြောကြားသည်။**

၂ဒသမ၂တန်လေးသော ဆက်သွယ်ရေး ဂြိုဟ်တုကို သယ်ဆောင်ထားသော ဒုံးပျံကို ဇူလိုင်လတွင် လွှတ်တင်ခဲ့ရာ လွှတ်တင်ပြီး တစ်မိနစ်အကြာတွင် သတ်မှတ်လမ်းကြောင်းမှ သွေဖည်သွားကာ မိနစ်အနည်းငယ် အကြာ၌ ပင်လယ်ထဲသို့ မီးလောင် ပျက်ကျသွားခဲ့ခြင်း ဖြစ်သည်။ အဆိုပါ ဒုံးပျံပျက်စီးသွားသည့်အတွက် အိန္ဒိယနိုင်ငံ အာကာသ ဒုံးပျံလွှတ်တင်ရေးလုပ်ငန်းတွင် ထိခိုက်မှုဖြစ်ခဲ့ရသည်။

ဂျော့ဆန်ခရိုနက်စ်ဟု အမည်ပေးထားသော ဂြိုဟ်တုကို သယ်ဆောင်ထားသောဒုံးပျံ ပျက်စီးရသည့် အကြောင်းရင်းကို စုံစမ်းရာ ဒုံးယာဉ်၏ ဒီဇိုင်းပိုင်းတွင် ချို့ယွင်းမှုမတွေ့ရှိကြောင်း အိန္ဒိယ အာကာသသုတေသနအဖွဲ့က စုံစမ်းတွေ့ရှိရသည်။ အဆိုပါ ဒုံးပျံတွင် ပါရှိသော အရည် လောင်စာသုံးစွဲသော မော်တာလေးလုံးအနက် တစ်လုံး ပျက်စီးမှုကြောင့် ပျက်ကျရခြင်းဖြစ်ကြောင်း အာကာသ အေဂျင်စီက ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***

# ဂွါတီမာလာလေဆိပ်၌ ဓားပြတိုက် ဒေါ်လာ ရှစ်သန်းပါသွား

**မက္ကဆီကိုစီးတီး စက်တင်ဘာ ၈**

ဂွါတီမာလာနိုင်ငံ လာအော်ရိုရာ အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် စက်တင်ဘာ ၇ ရက်က လက်နက်ကိုင်ဓားပြများသည် လုံခြုံရေးအစောင့်တစ်ဦးကို သတ်ဖြတ်ပြီး ပုဂ္ဂလိကဘဏ်တစ်ခုက ပိုင်ဆိုင်သော အမေရိကန်ဒေါ်လာရှစ်သန်းကို လုယူသွားကြောင်း သတင်းများက ဖော်ပြသည်။

ဓားပြများသည် အေကေ–၄၇ ချေမှုန်းရေး ရိုင်ဖယ်များနှင့် ခြောက်လုံးပြူး၊ ပစ္စတို စသည့် သေနတ်များကို ကိုင်ဆောင်ထားကြသည်။ ဘဏ်က ပိုင်ဆိုင်သော အမေရိကန် ဒေါ်လာ ၂၂ သန်း သယ်ဆောင်လာသည့် ထရပ်ကားကို လေဆိပ်ဝင်ပေါက် အမှတ် ၇ တွင် လုယက်သွားခြင်းဖြစ်သည်ဟု ပြည်ထဲရေးဝန်ကြီး ကားလို့စ်ဗီလ်မန်က ပြောကြားသည်။

အာဏာပိုင်များက လေဆိပ်၏ လေယာဉ်အဝင် အထွက်နှင့် အခြားအသွားအလာများကိုပါ ပိတ်၍ ရှာဖွေမှုများပြုလုပ်ခဲ့သည်။ အမျိုးသားရဲတပ်ဖွဲ့ကလည်း လေဆိပ်လုံခြုံရေးများနှင့် မသင်္ကာဖွယ်ရာလူများကို စစ်ဆေးမေးမြန်းလျက်ရှိသည်။ ယခုကိစ္စသည် တစ်နိုင်ငံလုံး လုံခြုံရေးကို ထိခိုက်စေလောက်အောင် ကျယ်ပြန့်သောကိစ္စမျိုး မဟုတ်ဟု ဆက်သွယ်ရေးဝန်ကြီး အီဒွါဒိုကော့စ်တီလိုက ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**ကမ္ဘာပေါ်တွင် ဖိနပ်အများဆုံး ထုတ်လုပ်သော တရုတ်နိုင်ငံ ဟူဘေးပြည်နယ် ယီချောင်မြို့ရှိ ဖိနပ်ဆိုင် တစ်ဆိုင်ကို စက်တင်ဘာ ၉ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ–အင်တာနက်)*

# စင်ကာပူတွင် ကြောင်များ သတ်ဖြတ်ခံရ တရားခံကို ရှာဖွေနေ

**စင်ကာပူ စက်တင်ဘာ ၈**

သီတင်းနှစ်ပတ်အတွင်း ကြောင်ကောင်ရေ အနည်းဆုံး ၂၀ ကို ဆက်တိုက်သတ်ဖြတ်ခဲ့သူကို စင်ကာပူအာဏာပိုင်များက ရှာဖွေလျက်ရှိသည်။ အသတ်ခံရသော ကြောင်များကို ရေမြောင်းများ၊ ချုံပုတ်များအတွင်း စွန့်ပစ်ထားသည်ကို တွေ့ရသည်။

စင်ကာပူကျွန်း အနောက်ဘက်ပိုင်းတွင် ကြောင်အများအပြား သေနေသည်ကို အနီးဝန်းကျင်၌နေထိုင်သူများက သတိထားမိကြသည်ဟု စင်ကာပူ ကြောင်စောင့်ရှောက်ရေးအသင်းက စက်တင်ဘာ ၆ ရက်တွင် ပြောကြားသည်။ ကြောင်အများစုမှာ လည်ပင်းတွင်ရရှိသော ဒဏ်ရာဖြင့် သေဆုံးနေသည်ကို တွေ့ရသည်ဟုဆိုသည်။ ထိုကိစ္စကို ရဲသို့တိုင်ကြားထားပြီး ကြောင်သတ်သူကိုဖမ်းရန် စေတနာ့ဝန်ထမ်း ၁၅ ဦးခန့်ကလည်း စောင့်ကြည့်လျက်ရှိကြောင်း ကြောင်စောင့်ရှောက်ရေးအသင်းက ပြောကြားသည်။ စင်ကာပူနိုင်ငံ၌ တိရစ္ဆာန်များအပေါ် ရက်စက်ကြမ်းကြုတ်မှုဖြင့် အရေးယူခံရလျှင် ထောင်ဒဏ်တစ်နှစ်အထိ အပြစ်ပေးခံရနိုင်ပြီး ဒဏ်ငွေလည်း စင်ကာပူဒေါ်လာ ၁၀၀၀၀ အထိ တပ်ရိုက်နိုင်သည်။

***အင်တာနက်။***

# ရန်ကုန်တိုင်း (၂၀၀၆)ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်ဖွင့်ပွဲ ကျင်းပ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် ဇနီးတို့ တက်ရောက်အားပေးချီးမြှင့်

## ကြည့်ရှုအားပေး

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့်ဇနီး ဒေါ်မာမာဝေတို့ ရန်ကုန်တိုင်း (၂၀၀၆)ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်ဖွင့်ပွဲတွင် အာဟာရပြည့်ဝသည့် အစားအစာများကို မူကြိုကလေးငယ်များအား ကျွေးမွေးနေမှုကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၉

**ရန်ကုန်တိုင်း (၂၀၀၆) ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်ဖွင့်ပွဲကို ယမန်နေ့မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဦးဘလွင်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် ဇနီး ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေတို့ တက်ရောက်အားပေး ချီးမြှင့်ကြသည်။**

### အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူးက အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲ၌ ပထမဆုရရှိသည့် ရန်ကုန်မြောက်ပိုင်းခရိုင်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တောင်ပိုင်းခရိုင်နှင့် တတိယဆုရရှိကြသည့် ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် အနောက်ပိုင်းခရိုင်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

### ဆုများချီးမြှင့်

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက အချက်အပြုတ်ပြိုင်ပွဲ၌ ပထမဆုရရှိသည့် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်၊ တတိယဆုရရှိကြသည့် ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ်နှင့် အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ်၊ အထူးဆုရရှိကြသည့် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန ဦးစီးဌာနမှူး ဒေါက်တာလှမြင့်က အာဟာရ ဖွံ့ဖြိုးရေး ရက်သတ္တပတ် အခမ်းအနားနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် ဇနီးတို့သည် အာဟာရ ဖွံ့ဖြိုးရေး လှုပ်ရှားမှု ပိုစတာများ၊ မှတ်တမ်းဓာတ်ပုံများနှင့် အိုင်အိုဒင်းဆားများတွင် အိုင်အိုဒင်းပါဝင်မှု ပမာဏစမ်းသပ်စစ်ဆေးမှုတို့ကို ကြည့်ရှုကြသည်။ ယင်းနောက် တိုင်းမှူးနှင့် ဇနီးတို့သည် အသက်(၅)နှစ် အောက် ကလေးငယ်များအား ဗီတာမင် (အေ) ဆေးတိုက်ကျွေးပြီး ကိုယ်ဝန်ဆောင် မိခင်လောင်းများအား သံဓာတ်ဆေးပြားနှင့် ကိုယ်ဝန်ဆောင်အားတိုးဆေးများဝေငှပေးကာ အာဟာရ ပြည့်ဝသည့် အစားအစာများကို မူကြိုကလေးငယ်များအား ကျွေးမွေးနေမှုကို လိုက်လံကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mme Phoebe A. Gomez၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Chanthavy Bodhisane၊ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E. Dato Shaharuddinbin Mohd Som ၊ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံသံအမတ်ကြီး H.E. Pehin Datu Inderasugara Brig - Gen (B) Dato Hj Mohd Yusuf bin Abu Bakar နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သံရုံး သံရုံးယာယီတာဝန်ခံ Mr. Philemon Arobaya တို့ လာရောက်တွေ့ဆုံကြစဉ်။** (စွမ်းအင်)

# ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား သံအမတ်ကြီးများ လာရောက်တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၉**

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mme. Phoebe A. Gomez၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chanthavy Bodhisane၊ မလေးရှားနိုင်ငံသံအမတ်ကြီး H.E. Dato Shaharuddinbin Mohd Som ၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံသံအမတ်ကြီး H.E. Pehin Datu Inderasugara Brig - Gen (B) Dato Hj Mohd Yusuf bin Abu Bakar နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သံရုံး – သံရုံး ယာယီတာဝန်ခံ Mr. Philemon Arobaya တို့သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌လာရောက်တွေ့ဆုံကြသည်။

ထိုသို့ တွေ့ဆုံကြရာတွင် စွမ်းအင်ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**စက်တင်ဘာ ၉ရက်က ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ပညာရေးဆိုင်ရာလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင် ဦးဆောင်သည့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု သင်တန်းသူသင်တန်းသားများ ဒဂုံဆိပ်ကမ်း စက်မှုဇုန်ရှိ မောဝ်ဥသျှောင်အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်၏ ပဲ၊ ပြောင်း၊ နှမ်း သန့်စင်စက်ရုံ အတွင်း လေ့လာကြည့်ရှုကြစဉ်။**

(ကုန်သည်/စက်မှု)

# ရှေးဦးပြုစုခြင်း နည်းပြသင်တန်းဖွင့်

**ရန်ကုန် စက်တင်ဘာ ၉**

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ကြီးမှူးဖွင့်လှစ်သော ရှေးဦးပြုစုခြင်း (နည်းပြ)သင်တန်း ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ YWCA သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အကျိုးဆောင် အတွင်းရေးမှူး ဒေါက်တာ ထွန်းစိန်နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖယ်ဒရေးရှင်းမှ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများနှင့် ပြည်နယ်၊ တိုင်း အသီးသီးမှ သင်တန်းသား၊ သင်တန်းသူ ကြက်ခြေနီမောင်မယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အကျိုးဆောင်ဘဏ္ဍာထိန်း ဦးတင်ဋ္ဌေးနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီ အသင်းများ ဖယ်ဒရေးရှင်းမှ ကျန်းမာရေးနှင့် သင်တန်းရေးရာ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် Ms. Kaijai တို့က အမှာစကားပြောကြားကြသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၄၈ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ယနေ့မှ စက်တင်ဘာ ၂၂ရက်ထိ ၁၄ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**တောင်ဥက္ကလာပမြို့နယ် အထက(၂) မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ၊ ကျပ်သိန်း ၂၀ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၂၇ရက်ကကျင်းပရာ အလှူရှင် ကျောင်းသားဟောင်း ဦးစိုးသိန်း (သီရိသုခမ္မမဏိဇောတဓရ) မန်နေဂျင်းဒါရိုက်တာ (ခနအောင်) ကုမ္ပဏီလီမိတက်နှင့် ဇနီး ဒေါ်ချိုချိုအုန်း(ဒု-ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး)တို့က တက္ကသိုလ်ဝင်တန်း ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦးအား ဆုချီးမြှင့်စဉ်။** (၆၃)

# တာမွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၉**

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ၂၀၀၆ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် အသင်းရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်လှိုင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ထူးချွန်ကျောင်းသားကျောင်းသူ ၁၄ဦးတို့အား ထပ်ဆင့်ဂုဏ်ပြုဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် မြို့နယ်အသင်းအတွက် အလှူငွေ ကျပ်လေးသိန်းကို အလှူရှင်များက ပေးအပ်လှူဒါန်းရာ မြို့နယ်အသင်း အတွင်းရေးမှူး ဒေါ်လှဲ့လှဲ့ဝင်းဆွေက လက်ခံရယူသည်။ (ကြေးမုံ)

**ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဦးတင်လှိုင် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော ထူးချွန်ကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (ကြေးမုံ)

## ထောက်ကြန့် ပုပ္ပားကျောင်း အဓိဋ္ဌာန်အောင်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၉**

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ရှိ ပုပ္ပားကျောင်းတိုက်၏ (၅၄)ကြိမ်မြောက် အဓိဋ္ဌာန်အောင်ပွဲ အခမ်းအနားကို စက်တင်ဘာ၈ရက်တွင် အဆိုပါကျောင်းတိုက်၌ ကျင်းပရာ ရှေးဦးစွာ ပုပ္ပားကျောင်းတိုက် ပဓာန နာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တ ပဏ္ဍိစ္စထံမှ ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ၏ မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် ပဓာန နာယကဆရာတော်က ဩဝါဒကထာ မိန့်ကြားတော်မူပြီး ဥပါသကာ ဦးထွန်းရှိန်က ခင်ပွန်းကြီးဆယ်ပါး ဂါထာဖြင့်လည်းကောင်း၊ တေးသံရှင်မဇ္ဈူသင်းက ရတုပိုဒ်စုံနှင့် ဓမ္မတေးတို့ဖြင့် လည်းကောင်း ပူဇော်ကြ၍ ပဓာန နာယကဆရာတော်က အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူကာ ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အဆိုပါ အဓိဋ္ဌာန်အောင်ပွဲတွင် သတ္တဝါများ ဘေးမဲ့လွှတ်ပွဲ၊ သက်ကြီးအဘိုးအဘွား ၇၀တို့အား ပူဇော်ပွဲ၊ ဘဒ္ဒန္တပဏ္ဍိစ္စအား (၁၃၇)ကြိမ်မြောက် သိက္ခာကံထပ်ပွဲ၊ ဒုလ္လဘ အပါး၁၂၀ ရဟန်းခံပွဲ၊ အနန္တောအနန္တငါးပါး ပူဇော်ပွဲ၊ ပါရမီဆယ်ပါး ပြုကျင့်ပွဲ၊ မဟာသတိပဋ္ဌာန်ဝိပဿနာ တရားစခန်းပွဲနှင့် အဓိဋ္ဌာန်တရားစခန်းပွဲတို့ကို ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

### အမှာစကားပြောကြား

**မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို) ကကြီးမှူးကျင်းပသော ၂၀၀၆ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

**၂၀၀၆ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များ အိုင်အိုဒင်းဆားတွင် အိုင်အိုဒင်းပါဝင်မှု လက်တွေ့စမ်းသပ်ပြသခြင်းကို ကြည့်ရှုလေ့လာကြစဉ်။**

(သတင်းစဉ်)

## မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို) အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှုအခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၉

**မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို)က ကြီးမှူးကျင်းပသော ၂၀၀၆ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့်ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် ဗဟို အလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဗဟိုအလုပ်အမှုဆောင်များ၊ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာနမှတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာန လုပ်ငန်းခွင်ကျန်းမာရေးဌာနမှညွှန်ကြားရေးမှူး ဒေါက်တာစိုးတင့်က အာဟာရဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျန်းမာရေးဦးစီးဌာန အာဟာရဌာနမှ ဒေါက်တာဒေါ်ဝေမာထွန်းက ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များအတွက် အာဟာရဖွံ့ဖြိုးရေးနှင့်စပ်လျဉ်းပြီး ပညာပေးဟောပြောသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးက ရန်ကုန်တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့အတွက် Iodine Test Kits များကိုပေးအပ်ရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေကလက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာကြသူများသည် အိုင်အိုဒင်းဆားတွင် အိုင်အိုဒင်း ပါဝင်မှုလက်တွေ့ စမ်းသပ်ပြသခြင်းကို ကြည့်ရှုကြသည်။

### လက်ကမ်းစာစောင်ပေးဝေ

အဆိုပါ အခမ်းအနားမစမီ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက အခမ်းအနားသို့တက်ရောက်ကြသော ကိုယ်ဝန်ဆောင်မိခင်များအား အိုင်အိုဒင်းဆား၊ ဖောလစ်အက်ဆစ်၊ ဖျူရာမင်းဘီစီနှင့် လက်ကမ်းစာစောင်များကို ပေးဝေကြသည်။

(သတင်းစဉ်)

➪ စာမျက်နှာ ၃ ဆောင်းပါးမှအဆက်

စိုက်ပျိုးရေးလုပ်ငန်းသည် မိမိတို့ ဘိုးစဉ်ဘောင်ဆက်လုပ်ကိုင်ခဲ့သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်ပြီး တိုင်းပြည်၏ အဓိကကုန်ထုတ်လုပ်ငန်းကြီးလည်းဖြစ်၍ စိုက်ပျိုးရေးကဏ္ဍ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး အခြေခိုင်မာနေအောင် နိုင်ငံတော်သည် ဆည်တမံလုပ်ငန်း၊ မြစ်ရေတင်လုပ်ငန်း၊ မြေအောက်ရေရရှိရေးလုပ်ငန်းတို့ကို အံ့မခန်း ထူထောင်ပေးခဲ့သည်။ စိုက်ပျိုးရေဆိုသည်မှာ အလှမ်းဝေးခဲ့ပြီး သောက်ရေ၊ သုံးရေကိုပင်မိုးလင်းမှမိုးချုပ်အချိန်ကုန်လူပန်းခက်ခက်ခဲခဲ ရှာဖွေခပ်ယူနေရသည့်၊ ရွှေထက်ရေကိုသာ တမ်းတနေရသော မိုးနည်းရေရှား အညာဒေသ၌ နိုင်ငံတော်၏သမိုင်းဝင်လုပ်ကိုင်ဖော်ဆောင်ပေးနိုင်မှုများကြောင့် ရေမြေအခြေအနေသည် အပြောင်းလဲကြီးပြောင်းလဲနေပြီဖြစ်သည်။ ယာမြေများသည် လယ်မြေများအဖြစ် ပြောင်းလဲလာသကဲ့သို့ ယခင်က တစ်သီးကိုပင် ခက်ခက်ခဲခဲ အောင်မြင်အောင် စိုက်နေကြရရာမှ ယခုအခါ နှစ်သီး၊ သုံးသီးအထိပင် သီးထပ်တွေစိုက်လာနိုင်သည်။ တောင်သူလယ်သမားများ ဝင်ငွေတိုးလာကြသည်။

**ကျေးလက်ဒေသ၌ သောက်သုံးရေ၊ စိုက်ပျိုးရေရရှိပြီး ဝင်ငွေများ တိုးပွားလာသည်နှင့်အမျှ လူနေမှု အဆင့်အတန်းလည်း မြင့်မားတိုးတက်လာသည်။ ကျေးလက်နေပြည်သူများ၏ ခေတ်အဆက်ဆက် နိမ့်ကျခဲ့ရသော နေမှု၊ ထိုင်မှု၊ စားမှုစသည့် လူနေမှုပုံစံသည်လည်း တိုးတက်မှုဘက်သို့ ပြောင်းလဲလာလျက်ရှိသည်။ ဤသည်မှာ နိုင်ငံတော်အတွက် ရင်းနှီးမြှုပ်နှံ ရကျိုးနပ်သည့် ရေရှည်ရလဒ်ကြီးပင်ဖြစ်သည်။**

လယ်ယာကုန်ထုတ်မှု တိုးတက်ရေးအတွက် ဆည်တမံလုပ်ငန်း ၁၈၈ခု၊ မြစ်ရေတင်လုပ်ငန်း၂၉၃ ခု စသည့် ရေရရှိရေးလုပ်ငန်းတို့ကို ရင်းနှီးတည်ဆောက်ပေးနိုင်ခြင်းသည် သမိုင်းဝင်စံပြုရမည့် နိုင်ငံတော် တည်ဆောက်မှု လုပ်ငန်းများဖြစ်ကြောင်း မလွဲမသွေ မှတ်တမ်းပြုကြရမှာဖြစ်သကဲ့သို့ ယင်းရုပ်ပိုင်းဆိုင်ရာ တည်ဆောက်ပေးမှုများကြောင့် ကျေးလက်နေပြည်သူတို့၏ လူနေမှုဘဝ ပြည့်စုံလုံခြုံလာလျက်ရှိသည်ဆိုသော အကျိုးဆက်မှာ ဂဏန်းသင်္ချာဖြင့် တွက်ချက်တန်ဖိုးမဖြတ်ကောင်းသည့် အနှစ်သာရပြည့်ဝလှသော ကောင်းမှုကောင်းကျိုးဖြစ်သည်ဟု သမိုင်းဝင်မော်ကွန်း ဖော်ညွှန်းရေးထိုးကြရမှာဖြစ်ပေသည်။ ။

## မြန်မာနိုင်ငံမှ အထူးလေ့လာသူကိုယ်စားလှယ်အဖွဲ့ ညီလာခံတက်ရောက်ရန် ဖိလစ်ပိုင်သို့ထွက်ခွာ

**နေပြည်တော် စက်တင်ဘာ ၉**

ဖိလစ်ပိုင် သမ္မတနိုင်ငံ စီဘူးမြို့၌ စက်တင်ဘာ ၁၀ရက်မှ ၁၅ရက်အထိ ကျင်းပမည့်(၂၇)ကြိမ်မြောက် အာဆီယံ ပါလီမန်များအဖွဲ့ (အိုင်ပို) လုပ်ငန်းကော်မတီနှင့် အထွေထွေညီလာခံသို့ တက်ရောက်ရန် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်နှင့် အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အဖွဲ့ဝင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင် ခေါင်းဆောင်ပြီး အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အဖွဲ့ဝင် တရားရုံးချုပ်တရားသူကြီး ဦးတင်အေး အဖွဲ့ဝင်အဖြစ် လိုက်ပါသည့် မြန်မာနိုင်ငံမှ အထူးလေ့လာသူ ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်မှ ထွက်ခွာသွားသည်။

### ပို့ဆောင်နှုတ်ဆက်

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်တွင် တရားသူကြီးချုပ် ဦးအောင်တိုး၊ ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေးနှင့် တရားရုံးချုပ်နှင့် ရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိသူများ လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

**ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လှိုင်မြို့နယ် အမှတ်(၃)အခြေခံပညာ အလယ်တန်းကျောင်း ကြက်ခြေနီအခြေခံသင်တန်း (၁/၂၀၀၆) နှင့် မူလတန်းအဆင့် ကြက်ခြေနီသင်တန်း (၁/၂၀၀၆)တို့ကို ဖွင့်လှစ်ရာ ရှေးဦးသူနာပြုဘာသာရပ် သင်ကြားပေးနေမှုကို ကျောင်းအုပ်ဆရာမကြီးနှင့်ဆရာမများက ကြည့်ရှုအားပေးစဉ်။**

(က–ပ)

### ဆုချီးမြှင့်

**ပုဇွန်တောင်မြို့နယ် အခြေခံပညာ မူလတန်းကျောင်း အမှတ်(၆)မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၂ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ပထမဆုရ ကျောင်းသူ မလွင်လွင်တင့်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဝင်း ဆုချီးမြှင့်စဉ်။**

(၂၃)

# အမျိုးသားညီလာခံကိုယ်စားလှယ်အားလုံး ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းသို့ ၂၀၀၆ ခုနှစ် အောက်တိုဘာ ၇ ရက်(စနေနေ့) နောက်ဆုံးထား၍ ရောက်ရှိသတင်းပို့

❒ ရှေ့ဖုံးမှ

ယနေ့ကျင်းပသည့် အစည်းအဝေးသည် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ (၃/၂၀၀၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း။

၂၀၀၆ခုနှစ် စက်တင်ဘာ ၂ ရက်တွင် ကျင်းပခဲ့သည့် (၂/၂၀၀၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမျိုးသားညီလာခံကို ၂၀၀၆ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်တွင် ပြန်လည်စတင်ကျင်းပမည်ဟု မိမိ ပြောကြားခဲ့သည့်အတိုင်း အဘက်ဘက်မှ အဆင်ပြေမည့် ၂၀၀၆ခုနှစ် အောက်တိုဘာ ၁၀ရက်(အင်္ဂါနေ့)တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ပြန်လည် စတင်ကျင်းပသွားမည်ဖြစ်ကြောင်း။

## ယခင်အတိုင်း ဖိတ်ကြားမည်

အမျိုးသားညီလာခံသို့ အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့တို့ တက်ရောက်လျက်ရှိရာ ၎င်းတို့ အနက် ကွယ်လွန်အနိစ္စရောက်သွားသော ကိုယ်စားလှယ်များ၊ နာမကျန်းဖြစ်၍လည်းကောင်း၊ အသက်အရွယ် ကြီးရင့်၍လည်းကောင်း၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်တာဝန် မထမ်းဆောင်နိုင်တော့သည့် ကိုယ်စားလှယ်များ၊ အငြိမ်းစားယူသွားကြသော နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များမှအပ ကျန်ကိုယ်စားလှယ်အားလုံးကို ယခင်က အတိုင်း ဖိတ်ကြားသွားမည်ဖြစ်ကြောင်း။

ညီလာခံကိုယ်စားလှယ်များထံ လုပ်ထုံးလုပ်နည်းနှင့်အညီ တစ်လကြိုတင်၍ ၂၀၀၆ ခုနှစ် စက်တင်ဘာ ၁၀ ရက်မှ စတင်ပြီး ဖိတ်စာများကို ပေးပို့သွားမည်ဖြစ်ကြောင်း၊ ထိုသို့ပေးပို့နိုင်ရေးအတွက် ပြည်နယ်နှင့်တိုင်းများမှ တာဝန်ရှိသူများနှင့် ကြိုတင်ညှိနှိုင်းထားပြီးလည်း ဖြစ်ကြောင်း။

## ရောက်ရှိသတင်းပို့ရန်

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအားလုံးသည် အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းသို့ ၂၀၀၆ ခုနှစ် အောက်တိုဘာ ၇ ရက်(စနေနေ့) နောက်ဆုံးထား၍ ရောက်ရှိသတင်းပို့ကြရန်ဖြစ်ကြောင်း။

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ အနေဖြင့် မိမိမှာကြားထားပြီးဖြစ်သည့်အတိုင်း ညီလာခံကိုယ်စားလှယ်များအား လေဆိပ်၊ သင်္ဘောဆိပ်၊ ကားဂိတ်၊ ရထားဘူတာတို့မှ ညီလာခံကျင်းပပေးမည့် ညောင်နှစ်ပင်စခန်းသို့ ကြိုဆိုပို့ဆောင်ရေး၊ ညောင်နှစ်ပင်စခန်းတွင် နေရာချထားရေး၊ ကျွေးမွေးဧည့်ခံရေး၊ ကျန်းမာရေး အစရှိသည့် ကိစ္စအဝဝကို လိုလေသေးမရှိအောင် စီမံသွားကြရန် ထပ်မံမှာကြားလိုကြောင်း။

ထို့အပြင် အမျိုးသားညီလာခံကျင်းပသည့် ညောင်နှစ်ပင်စခန်း လုံခြုံရေးနှင့် ညီလာခံကိုယ်စားလှယ်အားလုံး၏ လုံခြုံရေးကိစ္စတို့ကို အသေးစိတ်စီမံချက်များ ရေးဆွဲ၍ စနစ်တကျ ညှိနှိုင်းဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

## ရှင်းလင်းတင်ပြ

ယင်းနောက် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီက အမျိုးသားညီလာခံသို့ တင်ပြရန်ရှိသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဥက္ကဋ္ဌ ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ဦးအေးမောင်နှင့် အတွင်းရေးမှူး ဦးသောင်းညွန့်တို့က ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဗိုလ်ချုပ်သန်းဌေးနှင့် ဗိုလ်မှူးချုပ် အေးမြင့်ကြူတို့က အမျိုးသားညီလာခံ ပြည်လည်ကျင်းပရာတွင် စီမံခန့်ခွဲမှု ကော်မတီက ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များက ဆွေးနွေးတင်ပြသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အကြံပြု ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင်ရုပ်သိမ်းလိုက်သည်။(သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုး ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအေးမောင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

## ၂၀၀၆ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၉**

၂၀၀၆ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၁၆ ရက်တွင် နေပြည်တော်၌ကျင်းပရန် စီစဉ်လျက်ရှိရာ ယမန်နှစ်ကကဲ့သို့ ရိက္ခာထုတ်လုပ်မှု ထူးချွန်ဆုများနှင့်အတူ စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲတို့၌ ဆုရရှိကြသူ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းသား၊ ကျောင်းသူများအတွက်ကိုလည်း အဆိုပါ အခမ်းအနား၌ ဆုများချီးမြှင့်ရန် စီစဉ်လျက်ရှိသည်။

စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲများအတွက် ခေါင်းစဉ်များ သတ်မှတ်ပေးထားပြီးဖြစ်ရာ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်း အဆင့် သုံးဆင့်စလုံးအတွက် စာစီစာကုံးပြိုင်ပွဲခေါင်းစဉ်မှာ **"ရိက္ခာဝမ်းစာ ဖူလုံဖို့ စိုက်ပျိုးရေးတွင် ရင်းနှီးစို့"**ဟု သတ်မှတ်ပေးထား၍ အဆင့်သုံးဆင့်စလုံးအတွက် ပန်းချီပြိုင်ပွဲတွင် **"ကြက်ငှက်တုပ်ကွေး ဘေးရန်ကင်းစေဖို့ ဝိုင်းဝန်းကူညီကြပါစို့"** ဟူ၍ သတ်မှတ်ပေးထားသည်။

စာစီစာကုံးပြိုင်ပွဲတွင် အဆင့်သုံးဆင့်စလုံး၌ ပထမ၊ ဒုတိယ၊ တတိယဆု တစ်ဆုစီ စုစုပေါင်းကိုးဆုနှင့် ပန်းချီပြိုင်ပွဲတွင် အဆင့်သုံးဆင့်၌ ထူးချွန်ပထမဆု တစ်ဆုစီ စုစုပေါင်းသုံးဆုနှင့် အထူးဆုနှစ်ဆုစီ ပေါင်း ခြောက်ဆု ရွေးချယ်ချီးမြှင့်သွားမည်ဖြစ်သည်။

စာစီစာကုံးနှင့်ပန်းချီပြိုင်ပွဲများအတွက် သက်ဆိုင်ရာ ကျင်းပရေး ကော်မတီများက အသေးစိတ် စည်းကမ်းချက်များကို ချမှတ်ပေးထားပြီး ပန်းချီပြိုင်ပွဲတွင် ၁၅လက်မx၂၀လက်မ အရွယ် နှစ်သက်ရာစက္ကူနှစ်သက်ရာ စက္ကူအမျိုးအစားဖြင့် ရေးဆွဲယှဉ်ပြိုင်နိုင်ကြောင်း သိရှိရသည်။

ဆုရရှိသူများအား ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (F.A.O)က ဆုများကို ချီးမြှင့်မည်ဖြစ်ပြီး နေပြည်တော်၌ကျင်းပမည့် အခမ်းအနားသို့ စာစီစာကုံးဆုရရှိသူ ကိုးဦးနှင့် ပန်းချီထူးချွန်ဆုပထမရသူ(ထက်၊ လယ်၊ မူ) သုံးဦး စုစုပေါင်း ၁၂ဦးတို့ တက်ရောက်လက်ခံယူရန် စီစဉ်ထားသည်။ ပန်းချီအထူးဆု ရရှိသူများကိုမူ သီးခြားအစီအစဉ်ဖြင့် ချီးမြှင့်ပေးမည်ဟု သိရှိရသည်။

ပြိုင်ပွဲများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ဖုန်း– ၀၁–၆၆၇၃၁၆၊ ၀၁–၆၆၇၃၇၅ နှင့် ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာနတို့၌ စုံစမ်းနိုင်ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၉**

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့–အဖွဲ့ဝင် ဦးလှမြင့်ဦး ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီယားနိုင်ငံ ဆီရန်ရိမြို့၌ စက်တင်ဘာ ၅ ရက်မှ ၆ ရက်အထိ ကျင်းပခဲ့သည့် (၁၃)ကြိမ်မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာ အစည်းအဝေးကြီး၏ နည်းပညာအစည်းအဝေးနှင့် အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး နေပြည်တော်သို့ ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့–အဖွဲ့ဝင်များ ဖြစ်ကြသော ဦးဝင်းအောင်၊ ဦးစိုးဦး၊ ဦးညီထွန်းနှင့် ဦးကျော်အောင်၊ ရုံးအဖွဲ့မှူး ဦးထွဏ်းကြည်တို့က နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များဖြစ်ကြသည့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်နှင့် ဇဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ် ဦးဝင်းမောင်တို့ ပြန်လည် လိုက်ပါလာကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်း (၄၆)ရပ်ကွက် မိုးမခလမ်းနေ တက္ကသိုလ်စိန်တင်၏ မွေးနေ့အထိမ်းအမှတ်အဖြစ် တက္ကသိုလ်စိန်တင်၊ ဒေါ်တင်စိန်(စိမ့်ပညာရေး)တို့က တိုးချဲ့ဘိုးဘွားဆောင်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

### ၁၀–၉–၂၀၀၆ (တနင်္ဂနွေနေ့)

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | ပေါ့ပေါ့ပါးပါး ဂေါက်သီးအားကစား (အခြေခံ) |
| ၇း၁၅ | တေးဂီတအစီအစဉ် |
| ၇း၂၀ | နိုင်ငံတကာအနုပညာရေးရာ |
| ၇း၄၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၇း၅၅ | တေးဂီတအစီအစဉ် |
| ၈း၀၀ | ရှေးမူမပျက် ထိန်းသိမ်းဖို့ရာ မြန်မာ့ရွှေချည်ထိုးပညာ |
| ၈း၀၅ | တေးဂီတအစီအစဉ် |
| ၈း၁၀ | MRTV-4 စာအုပ်စင်ကဏ္ဍ [တာဝန်ခံအယ်ဒီတာ ဦးမြင့်ထွန်း (သန္တာ ရသမဂ္ဂဇင်း)နှင့် တွေ့ဆုံခြင်း] |
| ၈း၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၈း၃၅ | တေးဂီတအစီအစဉ် |
| ၈း၄၀ | ကူးစက်မြန်မျက်စိနာ ကာကွယ်ကုသပါ (ဒေါက်တာ ထွန်းအောင်ကျော်) |
| ၈း၅၅ | တေးဂီတအစီအစဉ် |
| ၉း၀၀ | Sunday Talk [မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)] |
| ၉း၅၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၀၀ | ဆန်းသစ်လှပခေတ်မီသော မြန်မာ့ချည်ထည် အဆင်ဆန်းများ |
| ၁၀း၁၅ | တေးဂီတအစီအစဉ် |
| ၁၀း၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၃၀ | တေးဂီတအစီအစဉ် |
| ၁၀း၃၅ | ပရိတ်နိဗ္ဗာန်သို့ကြွယ်ဝဖို့ ငါးအသားလွှာစားကြစို့ |
| ၁၀း၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၅၅ | ကလေးတို့အတွက် လက်ဆောင် (ရွှေငါးပန်းချီကား) |
| ၁၁း၁၅ | တေးဂီတအစီအစဉ် |
| ၁၁း၂၀ | အရည်အသွေးကောင်းလို့ စံချိန်မီ မြန်မာ့ကြက်ဆင်ဓာမဏီ |
| ၁၁း၃၅ | တေးဂီတအစီအစဉ် |
| ၁၁း၄၀ | ရော်ဘာသစ်အလှ ပရိဘောဂ |
| ၁၂း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၂၃ နာရီအထိ (၃)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

### English Premier League

**ဘောလုံးပွဲစဉ်များ**

| **အချိန်** | **ပွဲစဉ်** |
|---|---|
| ၉း၀၀ | ပွဲကြိုသုံးသပ်ချက် |
| **ပြသမည့်လိုင်း** | 5-Sports |
| ၉း၂၅ | West Ham - Aston Villa |
| **ပြသမည့်လိုင်း** | 5-Sports(Live) |

### Series-A

**ဘောလုံးပွဲစဉ်**

| **အချိန်** | **ပွဲစဉ်** |
|---|---|
| ၇း၃၀ | AC Milan - Lazio |
| **ပြသမည့်လိုင်း** | 5-Series (Live) |

# မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို) ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် အဖွဲ့ဝင်များ သာစည်မြို့နယ်၌ သားဖွားခန်းသုံးပစ္စည်းများ၊ ဆေးနှင့်ဆေးပစ္စည်း လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၉

**မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက သာစည်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သားဖွားခန်းသို့ သားဖွားခန်းသုံးပစ္စည်းများ၊ ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားကို စက်တင်ဘာ ၇ရက် နံနက် ၁၀နာရီတွင် သာစည်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို) ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ခရိုင်မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။**

ရှေးဦးစွာ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ခင်မောင်ထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်က အမှာစကားပြောကြားပြီး သာစည်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ သားဖွားခန်းသုံးပစ္စည်းများနှင့် ဆေးပစ္စည်းများ လှူဒါန်းရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်တင်နုက လက်ခံသည်။

ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို) အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာက မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း မူကြို နေ့ကလေးထိန်းကျောင်းအတွက် အလှူငွေကျပ် ၅၀၀၀၀၊ မြို့နယ်အတွင်းရှိ အလှူရှင်များက မြို့နယ်သားဖွားခန်းအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ မြို့နယ်အသင်းဥက္ကဋ္ဌက လက်ခံသည်။

ထို့နောက် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်တင်နုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် အဖွဲ့ဝင်များသည် မြို့တော်ခန်းမ၌ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် တွေ့ဆုံပြီး အသင်းကြီး၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များနှင့် ရှေ့ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ တွေ့ကြုံနေရသည့် အခက်အခဲများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့နောက်ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် အဖွဲ့ဝင်များသည် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်းသို့ သွားရောက်ပြီး သားဖွားမိခင်များနှင့် ကိုယ်ဝန်ဆောင် မိခင်များအား တွေ့ဆုံ၍ ကျန်းမာရေးပညာပေးဆွေးနွေးကာ အားပေးစကား ပြောကြားသည်။ ထို့နောက်ထောက်ပံ့ငွေနှင့် အာဟာရပစ္စည်းများပေးအပ်ပြီး အရန်သားဖွားဆရာမများနှင့် အသင်းဝင်များအား တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်ဒုတိယဥက္ကဋ္ဌဒေါက်တာ ဒေါ်တင်လင်းမြင့်သည် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ဖွင့်လှစ်ထားရှိသော မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဆယ်အိမ်မှူး သင်တန်းသို့ သွားရောက်၍ အမှာစကားပြောကြားသည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်များက သာစည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းအတွက် အလှူငွေများ ပေးအပ်ရာ အသင်းအတွင်းရေးမှူး ဦးမိုးမြင့်သိန်းက လည်းကောင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း(ဗဟို)အတွင်းရေးမှူးဒေါက်တာ ဒေါ်ဝေဝေသာက မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်း မေတ္တာရှင် စေတနာ ညကျောင်းအတွက် အလှူငွေများ ပေးအပ်ရာ မြို့နယ်ဥက္ကဋ္ဌ ဒေါ်တင်နုက လည်းကောင်း လက်ခံကြသည်။

ထို့နောက်ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် အဖွဲ့ဝင်များသည် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်ထားသော မူလတန်းကြိုကျောင်းသို့ သွားရောက်၍ ကလေးသူငယ်များအား သင်ထောက်ကူပစ္စည်းများနှင့် ကစားစရာ ပစ္စည်းများပေးအပ်သည်။ ဆက်လက်၍ လှိုင်းတက် စံပြကျေးရွာသို့ သွားရောက်၍ ကျေးလက်ကျန်းမာရေးဌာနခွဲ၌ မိခင်နှင့်ကလေးများ၊ ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်က မိသားစု ဝင်ငွေတိုးရေးနှင့် ပညာရေးအထောက်အပံ့အဖြစ် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို)၏ အလှူငွေကျပ် ၅၀၀၀၀ကို ပေးအပ်လှူဒါန်းရာ ကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လက်ခံကြသည်။

ထို့နောက်ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် အဖွဲ့ဝင်များသည် ရွာကြီးကျေးရွာမှ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ရွှေယင်မျှော်ဒက္ခိဏာရာမကျောင်းတိုက် ဆရာတော် မဟာဂန္ထ ဝါစကပဏ္ဍိတ ဘဒ္ဒန္တဥတ္တမအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းကာ ရွှေယင်မျှော်ဘုရားအား လှည့်လည်ဖူးမြော်ကြည်ညိုကန်တော့ကြကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

**မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို) အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာ သာစည်မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်း မူကြို နေ့ကလေးထိန်းကျောင်းအတွက် အလှူငွေကျပ် ၅၀၀၀၀ကို လှူဒါန်းရာ မြို့နယ် အသင်း ဥက္ကဋ္ဌက လက်ခံယူစဉ်။**
(ရထား)

# မြန်မာနိုင်ငံပန်းချီ၊ ပန်းပုပြပွဲ (၂၀၀၆) မန္တလေး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၉**

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး (ဗဟို) ပြပွဲ ဖြစ်မြောက်ရေးကော်မတီက ကြီးမှူး၍ မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပုပြပွဲ (၂၀၀၆)ကို မန္တလေးမြို့ မြို့တော်ခန်းမ၌ ဒီဇင်ဘာ ၂ရက်မှ ၈ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ပြပွဲတွင် အစည်းအရုံးဝင် ပန်းချီ၊ ပန်းပုဆရာတိုင်း ပါဝင်ပြသနိုင်ရန် အတွက် ကြိုတင်ထုတ်ပြန်ထားသည့် အတိုင်း ပန်းချီနှင့် ပန်းပုများရေးဆွဲထုလုပ်ထားကြရန်နှင့် ပြပွဲကတ်တလောက်တွင် ပန်းချီ၊ ပန်းပု လက်ရာများ ပါရှိစေရန်အတွက် စက်တင်ဘာ ၂၀ရက်မှ စတင်၍ ၂၇ရက် နောက်ဆုံးထားပြီး ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ကမ္ဘောဇရိပ်သာ ပန်းချီ၊ ပန်းပုကျောင်းသို့လည်းကောင်း၊ မန္တလေးမြို့ ပန်းချီ၊ ပန်းပုကျောင်း နန်းရှေ့သို့လည်းကောင်း ရုံးချိန်အတွင်း ပေးပို့သွားကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲ ဦးတည်ချက်

(၁) မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မြင့်မားရန်
(၂) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်း စောင့်ရှောက်ရန်
(၃) မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာ ယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက် ထွန်းကားပြန့်ပွားရန်
(၄) မြန်မာတို့၏အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းရန်
(၅) လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်
(၆) တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်
(၇) စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန်ခိုင်မာစေရန်

# ရွှေစည်းခုံဘုရားကြီး ရွှေသင်္ကန်းကပ်ရန် လှူ

**ရန်ကုန် စက်တင်ဘာ ၉**

ညောင်ဦးမြို့ သမိုင်းဝင် ရွှေစည်းခုံစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန်အတွက် ဦးစိုးအောင်လွင်-ဒေါ်လွင်မာကောင်းမြင့် မိသားစုက နှစ်လက်မပတ်လည် ရွှေဆိုင်း ၁၁ဆိုင်း ကျပ် ၁၇၆၀၀၀၊ **(အောက်ပုံ)** မရမ်းကုန်းမြို့နယ် (၁) ရပ်ကွက် မနော်ဟရီလမ်းနေဦးသောင်းထိုက်-ဒေါ်ဝင်းဝင်းနိုင် မိသားစုက ရွှေနှစ်ဆိုင်း ကျပ် ၃၂၀၀၀နှင့် ဒေါ်မြကြင်မိသားစုက ရွှေတစ်ဆိုင်း ကျပ် ၁၆၀၀၀၊ ပုဇွန်တောင်မြို့နယ် ဗိုလ်ချုပ်လမ်း ရေကျော်နေ ဦးအောင်နိုင်-ဒေါ်တင်မြင့် မိသားစုက ကျပ်တစ်သောင်းကို ဆီမီး ၉၉၀၀အဖွဲ့ရုံး စုပေါင်းရုံးဝင်း အင်းစိန်သို့ လာရောက်လှူဒါန်းရာ ရွှေစည်းခုံဘုရားကြီးဂေါပကအဖွဲ့ကိုယ်စား ဆီမီး ၉၉၀၀ အဖွဲ့နာယက ဦးစိုးဝင်း၊ ဥက္ကဋ္ဌ ဦးဘိုကြည်၊ အတွင်းရေးမှူး ဦးခင်မောင်ညွန့်နှင့် အမှုဆောင်များက လက်ခံရယူကြသည်။ (၆၁)

**မီးဘေးရှောင် မလောင်ခင်တား**

# ရိုးရာမူဟန် ထိန်းသိမ်းစို့

❁ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနဲ့
ဒို့ရဲ့မြန်မာ ရှေးအစဉ်အလာ
အမျိုးနဲ့ဘာသာဝေစည်ခဲ့ကြ။
ကြိုးဘွဲ့ကဗျာတွေသီခဲ့ကြ။
က, တဲ့လက်တွေညီခဲ့ကြ။

❁ ထံတျာ, သီတာ, သာယာကြိုးနဲ့
ပတ်ပျိုးဘွဲ့ သီချင်း ယမုံနာ
ဂန္ဓမာတောင်ဘွဲ့ မဥ္ဇူသကာ။

❁ အီနောင်ဇာတ်တော် ပြိုင်စံထားလို့
မြိုင်ထ, နှစ်ပါးသွားအကစုံစွာ
မန္တလာမြို့ဘွဲ့ဝေဇယန္တာ။

❁ ရောင်ခြည်ခြောက်ဖြာစွယ်တော်ဘုရား
ထူးမခြားနားသီချင်းခံရေးသီကာ
မြဝတီဝန်ကြီးဆက်သွင်းလာ။

❁ တံခွန်တိုင်ရွှေကုက္ကားနဲ့ ဘုရားကိုမြင်
အထူးပင်ကျော်ကြားတဲ့သည်သီချင်း
ရွာစားကြီးစိန်ဗေဒါပတ်သံညင်း။
ဆို,က,ရေး,တီး ပွဲတော်ကြီး
ဆင်နွှဲပျော်ကြသည်ချိန်ခါ
အနုပညာမောင်တို့မယ်တို့
ဆိုဖို့ဘယ်သို့ကြိပ်ါမယ်။
က,ဖို့ဘယ်သို့ဟန်ကကြွယ်။
ရေးဖို့,ဘယ်သို့တွေးကြမယ်။
တီးကြ မှုတ်ကြ လက်သံကြွယ်။
ရိုးရာမူဟန် ထိန်းသိမ်းကွယ်။

[(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲကို ကြိုဆိုလျက် . . .]

ဖိုးရန်နိုင်(ကျောက်ကြီး)

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

## ၁၀-၉-၂၀၀၆ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
- ၈:၀၅ ၇။ အတီးပြိုင်ပွဲ
- ၈:၁၅ ၈။ တံတားအလှ ပန်းလောင်
- ၈:၂၅ ၉။ အကပြိုင်ပွဲ
- ၈:၃၀ ၁၀။ International News.
- ၈:၄၅ ၁၁။ Say it in English.
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၃၅ ၄။ Yan Can Cook.
- ၁၁:၅၅ ၅။ **မြန်မာရုပ်ရှင် "နေကျောက်ခဲ" (ကျော်ဟိန်း၊ ထွန်းထွန်းနိုင်၊ ဆွေဇင်ထိုက်၊ ခင်သီတာထွန်း) (ဒါရိုက်တာ-သင်းသင်းယု)**
- ၁:၅၅ ၆။ ဂျူဒိုအောင်ပွဲဖြင့် နိုင်ငံဂုဏ်အဆင့်မြှင့်
- ၂:၁၀ ၇။ အဆိုပြိုင်ပွဲ
- ၂:၂၀ ၈။ **"မမြင်ကွယ်ရာ" (မောင်မောင်မျိုးသန့်၊ မတူး၊ မောင်မောင်မြင့်) [ဒါရိုက်တာ- စိုးဟိန်း (မန်းတက္ကသိုလ်)]**
- ၂:၃၀ ၉။ အတီးပြိုင်ပွဲ
- ၂:၄၅ ၁၀။ International News.
- ၃:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)**
- ၅:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ တေးသံသာ
- ၅:၁၅ ၆။ ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) (ပညာရှင်အဆင့်) (အမျိုးသမီး)
- ၅:၂၅ ၇။ သီးနှံစိုက်ပျိုးအထွက်တိုး (ခြစည်းရိုးကြက်ဆူတစ်ဧက မျှော်မှန်းအထွက်နှုန်း ရရှိစေရန် ဆောင်ရွက်ရမည့်နည်းပညာများ)
- ၅:၃၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၁၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၁၅ ၁၁။ သီရိဂေဟာ
- ၇:၀၀ ၁၂။ Discovery.
- ၇:၁၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဟောမာန်ဆောင်ရဲ့နေ့ရက်များ" (အပိုင်း-၆)**
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာပန်းတိုင်" (အပိုင်း-၁၈)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

# ဧရာဝတီတိုင်း (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၉

**ဧရာဝတီတိုင်း (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၃၁ရက် မွန်းလွဲ၁နာရီက ပုသိမ်မြို့ မြို့တော်ခန်းမ၌ ပြုလုပ်ရာ အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသိန်းလှိုင်နှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ တိုင်းဥက္ကဋ္ဌများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ခရိုင်အလိုက် ပြိုင်ပွဲဝင်များနှင့် ဝါသနာရှင်များ တက်ရောက်အားပေးကြသည်။**

ရှေးဦးစွာ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မဟာဂီတ ကာလပေါ် တေးသီချင်း အဆိုပြိုင်ပွဲနှင့် အရေးပြိုင်ပွဲများတွင် ဆုရရှိသူများကိုလည်းကောင်း၊ ခရိုင်ဥက္ကဋ္ဌများက အတီးပြိုင်ပွဲတွင် ဆုရရှိသူများကိုလည်းကောင်း၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက အိုးစည်၊ ဒိုးပတ်၊ ဆိုင်းဝိုင်း၊ အဖွဲ့လိုက် ဆုရရှိသူများကိုလည်းကောင်း၊ တိုင်းအမျိုးသမီးရေးရာ နာယက တိုင်းမှူး၏ ဇနီးက အကပြိုင်ပွဲတွင် ဆုရရှိသူများကိုလည်းကောင်း ဆုများအသီးသီးပေးအပ်ကြသည်။

### ပေးအပ်ချီးမြှင့်

ထို့နောက် ပြိုင်ပွဲကျင်းပရေးကော်မတီ နာယက တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ဒိုင်အဖွဲ့ဝင်များအတွက် ဂုဏ်ပြုမှတ်တမ်းလွှာကို အဖွဲ့ဝင်ကိုယ်စားလှယ်တစ်ဦးထံသို့လည်းကောင်း၊ ဟင်္သာတ၊ မအူပင်၊ ဖျာပုံခရိုင်အသင်းများအား ဂုဏ်ပြုဆုဖလားများကိုလည်းကောင်း၊ အခြေခံပညာအဆင့် တံခွန်စိုက်ဆုရ ဖျာပုံခရိုင်၊ ဝါသနာရှင်အဆင့် တံခွန်စိုက်ဆုရ မြောင်းမြခရိုင်နှင့် ပညာရှင်အဆင့် တံခွန်စိုက်ဆုရ ပုသိမ်ခရိုင်တို့မှ ခရိုင်ဥက္ကဋ္ဌများနှင့် အသင်းကြီးကြပ်သူများအား တံခွန်စိုက်ဆုဖလားများကို ပေးအပ်ချီးမြှင့်သည်။

### ကြည့်ရှုအားပေး

၎င်းနောက် တိုင်းမှူးနှင့် ပရိသတ်များသည် ဆုရရှိသူများ၏ အဆို၊ အက၊ အရေး၊ အတီးများဖြင့် ပြန်လည်ဖြေဖျော်မှုကို ကြည့်ရှုအားပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် တိုင်းမှူးနှင့်ဇနီးတို့သည် ခရိုင်အသီးသီးမှ ပြိုင်ပွဲဝင်များ၊ အသင်းအုပ်ချုပ်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်းနှင့် အဆိုပါပြိုင်ပွဲတွင် ပုသိမ်ခရိုင်မှ ရွှေတံဆိပ်ရှစ်ခု၊ မြောင်းမြခရိုင်မှ ရွှေတံဆိပ်ခုနစ်ခု၊ ဖျာပုံခရိုင်မှ ရွှေတံဆိပ်၁၉ခု ဆွတ်ခူးရရှိခဲ့ကြောင်း သိရှိရသည်။

### တံခွန်စိုက်ဒိုင်းပေးအပ်

ညနေပိုင်းတွင် တိုင်းမှူးသည် တိုင်းစစ်ဌာနချုပ် တပ်နယ်အားကစားရုံတွင် ကျင်းပပြုလုပ်သော တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များ၏ ၂၀၀၆ခုနှစ် တိုင်းမှူးတံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားသို့ တက်ရောက်၍ ဝိတ်တန်းအလိုက် ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများက ဝိတ်တန်းအလိုက် ဆုရရှိသူများကိုလည်းကောင်း၊ တိုင်းမှူးက တံခွန်စိုက်ဆုရရှိသော ပုသိမ်ဇုန်(၂) အသင်းအား တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (ဧရာဝတီတိုင်း)

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ဧရာဝတီတိုင်း (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲတွင် အခြေခံပညာအဆင့် တံခွန်စိုက်ဆုရ ဖျာပုံခရိုင်အသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။ (ဧရာဝတီတိုင်း)

# မင်္ဂလာဒုံတပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲများ ရာသက်ပန်အသင်းဝင် အဆိုပြုလွှာ စုပေါင်းပေးအပ်

ရန်ကုန် စက်တင်ဘာ ၉

**ရန်ကုန်တိုင်း စစ်ဌာနချုပ် မင်္ဂလာဒုံတပ်နယ်က ကြီးမှူးကျင်းပသည့် တပ်နယ်အတွင်းရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲများ၏ ရာသက်ပန်အသင်းဝင်အဆိုပြုလွှာ စုပေါင်းပေးအပ်ပွဲနှင့် ဆယ်အိမ်စုမှူး ဆရာဖြစ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၇ ရက် နံနက် ၇နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်းနှင့်ဇနီး၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေတို့ တက်ရောက်အားပေးချီးမြှင့်သည်။**

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက သင်တန်းဖွင့် အမှာစကားပြောကြားသည်။

ထို့နောက် မင်္ဂလာဒုံ တပ်နယ်မှူး၏ ဇနီး ဒေါ်လှဲ့လှဲ့သွင်က တပ်နယ်အတွင်းရှိ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းခွဲများ၏ ရာသက်ပန်အသင်းဝင် အဆိုပြုလွှာ ၂၁၂၅စောင်ကို ပေးအပ်ရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ သင်တန်းကို စက်တင်ဘာ ၈ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသူ ၁၀၅ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း စစ်ဌာနချုပ် မင်္ဂလာဒုံတပ်နယ်က ကြီးမှူးကျင်းပသည့် တပ်နယ်အတွင်းရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲများ၏ ရာသက်ပန်အသင်းဝင်အဆိုပြုလွှာ စုပေါင်းပေးအပ်ပွဲနှင့် ဆယ်အိမ်စုမှူး ဆရာဖြစ် သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# မြက်ခင်းတုဟော်ကီကွင်း တည်ဆောက်ရေး ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် ဖြည့်ဆည်းမှာကြား

**ရန်ကုန် စက်တင်ဘာ ၉**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် စက်တင်ဘာ ၁ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ဟော်ကီအားကစားကွင်း ဟော်ကီအဖွဲ့ချုပ်ရုံးခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံဟော်ကီ အဖွဲ့ချုပ် မြက်ခင်းတုဟော်ကီ အားကစားကွင်း တည်ဆောက်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဟော်ကီ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့် (ငြိမ်း)က မြန်မာနိုင်ငံတွင် ပထမဆုံး မြက်ခင်းတု ဟော်ကီအားကစားကွင်း တည်ဆောက်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံဟော်ကီ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင် (ပြည်ပရေးရာတာဝန်ခံ)က မြက်ခင်းတုဟော်ကီအားကစားကွင်း တည်ဆောက်ရေးအတွက် ဂျာမနီနိုင်ငံမှ ရောက်ရှိလာမည့်ပစ္စည်းများနှင့် ပတ်သက်၍ ဆက်သွယ် ဆောင်ရွက်ထားသည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြက်ခင်းတုဟော်ကီ အားကစားကွင်း တည်ဆောက်ရာတွင် အသုံးပြုမည့် ပစ္စည်းများနှင့် ပတ်သက်၍ ခန့်မှန်းကုန်ကျစရိတ်များကို အင်ဂျင်နီယာအဖွဲ့မှ ဦးကျော်ဋ္ဌေးသိန်းနှင့် ဦးခိုင်သူဝင်းတို့က ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က တင်ပြရှင်းလင်းချက်များနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးကြောင်း သိရသည်။ (ကြေးမုံ)

**လန်ဒန်မြို့ မိုးကုတ်ဝိပဿနာ ရိပ်သာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ (၃၂-၃၄) ဘုန်းကြီးလမ်း လမ်းမတော်မြို့နယ်သို့ ဦးကဲ (တိုင်းပညာဝန်-ငြိမ်း)အား ရည်စူး၍ ဒေါ်ခင်ကြည်၊ သားသမီးမြေးမြစ်တစ်စု (လေဆိပ်လမ်းသွယ် အင်းစိန်မြို့နယ်)က ငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရာ နာယက ဦးအုံးမောင် လက်ခံယူစဉ်။**

(က-ပ)

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

## ၁၀-၉-၂၀၀၆ (တနင်္ဂနွေနေ့)

### နံနက်ပိုင်း

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၅ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈း၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၉။ | **ဆရာတော်ဦးဃောသိတတရားတော်** |
| ၉း၁၀ | ၁၀။ | အပိတ်နှုတ်ဆက်စကား |
| ၉း၁၁ | ၁၁။ | ပြီးပါပြီ။ |

### နေ့လယ်ပိုင်း

| | | |
|---|---|---|
| ၁၂း၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၂း၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၂း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၂း၂၀ | ၄။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၁၂း၃၀ | ၅။ | **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် "ချစ်ခြင်းများနဲ့ကခုန်ခြင်း"** |
| ၁၃း၅၀ | ၆။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၁၃း၅၅ | ၇။ | အပိတ်နှုတ်ဆက်စကား |
| ၁၄း၀၀ | ၈။ | ပြီးပါပြီ။ |

### ညပိုင်း

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၄း၂၀ | ၄။ | လက်စွမ်းပြပဟန်ဂီတသံ |
| ၄း၃၀ | ၅။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၄း၄၀ | ၆။ | ချိုမြလက်သံငြိမ့်ညောင်းဟန် |
| ၄း၅၀ | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅း၀၀ | ၈။ | အမေးကမ္ဘာတွေးစရာ |
| ၆း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၀။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၁။ | မိုးလေဝသသတင်း |
| ၆း၂၅ | ၁၂။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆း၃၀ | ၁၃။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၆း၄၅ | ၁၄။ | အုံသြဖွယ်ရာဆက်ကပ်ပညာ |
| ၇း၀၀ | ၁၅။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သံယောဇဉ်" (အပိုင်း-၁၅)** |
| ၈း၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၈။ | ပဟေဠိနန်းတော် |
| | ၁၉။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၀။ | **ENGLISH PREMIER LEAGUE ဘောလုံးပွဲ West Ham United Vs Aston Villa (Live)** |
| | ၂၁။ | သင့်အတွက်မနက်ဖြန် |
| | ၂၂။ | အပိတ်နှုတ်ဆက်စကား |
| | ၂၃။ | ပြီးပါပြီ။ |

# ဖျာပုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)ကျင်းပ

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဖျာပုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)တွင် အမှာစကားပြောကြားစဉ်။ (သစ်တောရေးရာ)

ရန်ကုန် စက်တင်ဘာ ၉

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၈ရက်တွင် ဘိုကလေးမြို့နယ် သကံ့ဝကျေးရွာရှိ ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ရာ ရှေးဦးစွာ ဒေသခံပြည်သူများက ကျေးရွာအလိုက် ဖွံ့ဖြိုးရေးလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။**

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက အမှာစကားပြောကြား၍ ကျေးရွာလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အခြေခံပညာမူလတန်းကျောင်း နှစ်ကျောင်းတို့အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ဘိုကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်၍ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များနှင့် ပတ်သက်ပြီး အမှာစကားပြောကြားသည်။

ယင်းနောက် မြို့မိမြို့ဖတစ်ဦးက မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက မြို့နယ်ပြည်သူ့ဆေးရုံ၊ မြို့မဆွမ်းလောင်းအသင်း၊ လူမှုကရုဏာအသင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် စစ်မှုထမ်းဟောင်းအဖွဲ့တို့အတွက် အလှူငွေကျပ် သိန်း ၂၀ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဖျာပုံမြို့နယ် ဖျာပုံတမံကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ရာ ရှေးဦးစွာ ကျောင်းအုပ်ကြီးနှင့် ရပ်မိရပ်ဖများက လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြပြီး ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက အမှာစကားပြောကြား၍ ဆောက်လုပ်ဆဲကျောင်းဆောင် ပြီးစီးရေးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဖျာပုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)ကို ယနေ့နံနက်ပိုင်းတွင် ဖျာပုံမြို့နယ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က သဘာပတိအဖြစ် ဆောင်ရွက်သည်။

ထို့နောက် ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထွန်းက စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် တာဝန်ရှိသူများက ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူ ၂၃ ဦးတို့အား ဂုဏ်ပြုဆုငွေ ကျပ်ကိုးသိန်းခြောက်သောင်းကို ပေးအပ်ချီးမြှင့်ကြသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ကျိုက်လတ်မြို့နယ် ရွှေရတုဥည့်ရိပ်သာသို့ ရောက်ရှိ၍ ဧည့်ခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များနှင့် တွေ့ဆုံပြီး မြို့နယ်ဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆွေးနွေးကာ မြို့နယ်၏ ပညာရေး၊ ကျန်းမာရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ➥ အမေရိကန်မှ

ထိုသို့ဒဏ်တပ်ရိုက်ခြင်းသည် ၂၀၀၃ ခုနှစ် တရားရုံးဆုံးဖြတ်ချက်အရ လိုက်နာဆောင်ရွက်ခြင်းဖြစ်သည်။ ထိုဆုံးဖြတ်ချက်အရ တစ်ကြိမ်တည်းနှင့် အမြင့်ဆုံးဒဏ်ငွေကို ပေးဆောင်စေရန် ဒဏ်တပ်ရိုက်ခွင့်ရှိသည်။

အမေရိကန်ကြက်ခြေနီအဖွဲ့အနေဖြင့် အစားအစာနှင့် ဆေးဝါးထိန်းချုပ်ရေးအဖွဲ့၏ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်ခဲ့လျှင် ယင်းအဖွဲ့အပေါ် တစ်ကြိမ်တည်းနှင့်ပင် အမြင့်ဆုံးဒဏ်ငွေကို ပေးဆောင်စေရန် ချမှတ်နိုင်ခွင့်ရှိကြောင်း ဖော်ပြပါရှိသည်။

ယခုကဲ့သို့ အမြင့်ဆုံးဒဏ်ငွေကို ပေးဆောင်စေခြင်းသည် အေအာရ်စီအဖွဲ့က ပေးလှူသောသွေးများကြောင့် ရောဂါကြီးကြီးမားမား တွေ့ရသည်ဆိုသော အထောက်အထားအရ ဒဏ်ငွေပေးဆောင်စေခြင်းမဟုတ်ပေ။ အေအာရ်စီအဖွဲ့က လိုက်နာဖွယ်ရာများကို လိုက်နာရန် ပျက်ကွက်ခဲ့ခြင်းကြောင့်သာ ဒဏ်ငွေပေးဆောင်စေခြင်းဖြစ်သည်ဟုဆိုသည်။

ယခုအကြိမ်မတိုင်မီကလည်း အေအာရ်စီအဖွဲ့သည် အမေရိကန်အစားအစာနှင့် ဆေးဝါးကြီးကြပ်ရေးအဖွဲ့က ပြဋ္ဌာန်းထားသည့် ဥပဒေများကို လိုက်နာရန် ပျက်ကွက်ခဲ့သည့်ကိစ္စအတွက် ယင်းအဖွဲ့သည် ခုနစ်ကြိမ် ဒဏ်ငွေချမှတ်ခံခဲ့ရဖူးသည်။ ထိုစဉ်က ချမှတ်ခဲ့သော ဒဏ်ငွေ စုစုပေါင်းသည် အမေရိကန်ဒေါ်လာ ၅ ဒသမ ၇ သန်းအထိ ရှိခဲ့သည်။

အမေရိကန်နိုင်ငံတွင် ပေးလှူလျက်ရှိသော သွေးများအနက် ၄၅ ရာခိုင်နှုန်းမှာ အေအာရ်စီအဖွဲ့၏ ကြိုးပမ်းမှုကြောင့် ရရှိသောသွေးများဖြစ်ပြီး ကျန် ၄၅ ရာခိုင်နှုန်းမှာ အခြားသော လူမှုရေးအသင်းမှ ပေးလှူခြင်းဖြစ်သည်။ ကျန်လိုအပ်သော သွေး ၁၀ ရာခိုင်နှုန်းကိုမူ အစိုးရဆေးရုံ၊ ဆေးခန်းများက ကိုယ့်နည်းကိုယ်ဟန်ဖြင့် စုဆောင်းယူခဲ့ကြခြင်းဖြစ်သည်။

စေတနာသွေးလှူသောအဖွဲ့များနှင့် အခြားသော အဖွဲ့အစည်းများထံမှ သွေးများကိုရယူရာတွင် ဆေးရုံဆေးခန်းများနှင့် သွေးလက်ခံသူများအနေဖြင့် သတိဝီရိယဖြင့် လက်ခံကြပါရန် အမေရိကန်အစားအစာနှင့် ဆေးဝါးကြီးကြပ်ရေးအဖွဲ့က သတိပေးထားသည်။ ယခုအခါ အသုံးပြုလျက်ရှိသော သွေးစစ်ဆေးရေးနည်းလမ်းများ ကောင်းမွန်လာမှုကြောင့် သွေးနှင့်ပတ်သက်လာလျှင် စိတ်ချရလျက်ရှိသည်ဟု အစားအစာနှင့် ဆေးဝါးကြီးကြပ်ရေးအဖွဲ့က ပြောကြားသည်။

**အင်တာနက်။**

## ▶ ဆေးမတိုးသောမှ

ယင်းတီဘီရောဂါဖြစ်ပွားမှုအခြေအနေကို အာရှဒေသနှင့် ယခင် ဆိုဗီယက်ပြည်ထောင်စုနိုင်ငံဟောင်းဒေသများတွင် အများဆုံးတွေ့ရကြောင်းသိရသည်။

တီဘီရောဂါကပ်ဆိုးကြောင့် ကမ္ဘာပေါ်တွင် တစ်နှစ်လျှင် လူနှစ်သန်းခန့် အသက်ဆုံးရှုံးလျက်ရှိသည်ဟု ကုလသမဂ္ဂထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တီဘီရောဂါလူနာများကို ဆေးဝါးကုသမှုပေးရာတွင် နည်းနာများ မှန်ကန်မှုမရှိခြင်း၊ မမှန်မကန် ညွှန်ကြားမှုပေးခြင်း၊ သုံးစွဲခြင်း၊ ဆေးများ၏ အရည်အသွေးမပြည့်မီခြင်း၊ ဆေးဝါးဖြန့်ဖြူးမှုပေးရာတွင် ပြတ်လပ်မှုမရှိအောင် မဆောင်ရွက်နိုင်ဘဲ ဆေးဝါးမကြာခဏ ပြတ်သွားခြင်း၊ လူနာများက ပူးပေါင်းဆောင်ရွက်မှု နည်းပါးခြင်းစသည့်အကြောင်းအမျိုးမျိုးတို့ကြောင့် တီဘီရောဂါကုသဆေးများကို ခံနိုင်ရည်ရှိသော ဆေးယဉ်သောရောဂါပိုးများ ဖြစ်ပေါ်လာခြင်းဖြစ်သည်ဟု ဆိုသည်။

တောင်အာဖရိကနိုင်ငံ ကွာဇူးလူးနယ်ဆယ်ဒေသရှိ ခုခံအားကျရောဂါဖြစ်ပွားနေသူများ၏ တီဘီရောဂါအခြေအနေကို ဆေးပညာရှင်များက လေ့လာခဲ့ကြသည်။ ထိုဝေဒနာသည်များသည် အိပ်ချ်အိုင်ဗွီရောဂါကုဆေးများကြောင့် ခုခံအားကျရောဂါအခြေအနေဆိုးရွားမလာဘဲ တိုးတက်မှုရှိလာသော်လည်း ဆေးမတိုးသော တီဘီရောဂါပိုး ကုသမှုခံယူနေစဉ် တစ်လခန့် အချိန်အတွင်းမှာပင် သေဆုံးသွားကြသည်ကို တွေ့ကြရသည်။ **အင်တာနက်။**

# တိပိဋကယောဆရာတော် ဦးဆောင်၍ ပရိယတ္တိ စာအောင်ဆု ချီးမြှင့်မည်

**ရန်ကုန် စက်တင်ဘာ ၉**

ယောနယ်အသင်း(ရန်ကုန်)မှ ကြီးမှူး၍ (၃၈)ကြိမ်မြောက် ယောသံဃာတော်များ ဆွမ်းဆက်ကပ်လှူဒါန်းပွဲ နှင့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဦးဆောင်၍ စာအောင်ဆုချီးမြှင့်ပွဲ ကို အောက်တိုဘာ ၈ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း၊ အဘိဓမ္မာရတနာဃရ ဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်သည်။ နိုင်ငံတော်က ကျင်းပသော ငယ်၊ လတ်၊ ကြီးအောင်၊ ဓမ္မာစရိယ(ကျမ်းပြီး)ယောသံဃာတော်များ၊ သီလရှင်များနှင့် ဗုဒ္ဓစာမေးပွဲအသီးသီး၌ အောင်မြင်သော လူပုဂ္ဂိုလ်များသည် စက်တင်ဘာ ၃၀ရက်(စနေနေ့) နောက်ဆုံးထား၍ ဥက္ကဋ္ဌ ဦးအေးမောင် ဖုန်း-၂၄၀၆၁၄၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြ ဖုန်း-၂၅၂၈၁၁နှင့် အတွင်းရေးမှူး ဦးသာလှ ဖုန်း-၃၈၀၄၄၈ တို့ထံတွင် သာသနာဝင်ကတ်နှင့်အတူ လျှောက်လွှာ တင်သွင်းနိုင်ကြသည်။ ယောသံဃာတော်များသည် ပင့်လျှောက်လွှာနှင့် တစ်ပါတည်း ကြွရောက်ကြပါရန်နှင့် ပင့်လျှောက်လွှာမရရှိသေးပါက ဥက္ကဋ္ဌထံတွင် ရယူနိုင်ပါကြောင်း၊ စာအောင်ဆုနှင့် လှူဖွယ်ပစ္စည်းများအား ကြိုတင်ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်ရေးရာ ကွန်ပျူတာသုံး ကိုယ်ရေးအချက်အလက် စီမံခန့်ခွဲမှုစနစ်သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် အမှာစကားပြောကြားစဉ်။** (ဆက်သွယ်ရေး)

# လူငယ်ရေးရာ ကွန်ပျူတာသုံး ကိုယ်ရေးအချက်အလက် စီမံခန့်ခွဲမှုစနစ် သင်တန်း ဖွင့်ပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၉**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်ရေးရာ ကွန်ပျူတာသုံး ကိုယ်ရေးအချက်အလက် စီမံခန့်ခွဲမှုစနစ် သင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော်၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ဗဟိုအတွင်းရေးမှူး ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ နည်းပြများနှင့် ပြည်နယ်တိုင်းအသီးသီးမှ သင်တန်းသား သင်တန်းသူ စုစုပေါင်းအင်အား ၈၀ တက်ရောက်ကြသည်။

အဆိုပါသင်တန်းသည် ကွန်ပျူတာအသုံးပြု၍ အသင်းဝင်များ၏ ကိုယ်ရေးအချက်အလက်ဆိုင်ရာ ကိစ္စရပ်များကို စနစ်တကျထည့်သွင်း၍ Data Base စနစ်ဖြင့် စီမံခန့်ခွဲအသုံးချနိုင်ရေးအတွက် သင်ကြားလေ့ကျင့်ပေးသည့် သင်တန်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဆုချီးမြှင့်

**တာမွေမြို့နယ် အထက(၂) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၉ ရက်တွင် ကျင်းပရာ ဆရာခို၏သမီးများ ရွှေကြာပဒုမ္မာဆေးတိုက်မှလှူဒါန်းသော ဂုဏ်ပြုဆုကို မိခင်ကြီး ဒေါ်သန်းညွန့်က ခြောက်ဘာသာဂုဏ်ထူးရှင် မအေးမြတ်နိုးအား ဆုချီးမြှင့်စဉ်။** (ပညာရေး)

**ရှောင်လေဝေးဝေး မူးယစ်ဆေး**

မန္တလေးတိုင်းမြို့ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယ ပညာသင်ရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်အတွက် မြိတ်မြို့နယ် သမုတ်ကျေးရွာနေ ဦးမောင်ဆန်း-ဆရာမ ဒေါ်မြချို မိသားစုက အကျိုးတော်ဆောင်ဥက္ကဋ္ဌ အရှင်ရာဇိန္ဒနှင့် အရှင်ဥက္ကဋ္ဌ (အထွေထွေ အတွင်းရေးမှူး)တို့ ရှေ့မှောက်၌ အလှူငွေကျပ် ၁၂၀၀၀၀ လှူဒါန်းရာ မတည်အလှူရှင် အကျိုးတော်ဆောင် ဒေါ်မြရှင် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ (က-ပ)

## မဏ္ဍလာဓမ္မဗိမာန် တည်ဆောက်ရေးငွေလှူ

**ရန်ကုန် စက်တင်ဘာ ၉**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ စာတိုက်ကုန်း မဏ္ဍလာရာမကျောင်းတိုက်အတွင်း တည်ဆောက်မည့် မဏ္ဍလာဓမ္မဗိမာန် တည်ဆောက်ရေး စတုတ္ထအကြိမ် အလှူငွေပေးအပ်ပွဲကို စက်တင်ဘာ ၆ ရက်က ကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းတိုက်ပဓာန နာယက ဆရာတော်ဘဒ္ဒန္တဥတ္တရထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆက်လက်၍ အလှူငွေပေးအပ်ပွဲကို ကျင်းပရာ ဦးဘထွန်း-ဒေါ်မကြီးစိန်မိသားစုက ငွေကျပ် ၁၁၀၀၀၀၊ ဦးမျိုးခိုင်-ဒေါ်အေးအေးမူ မိသားစု၊ ဒေါ်စိန်သာဖြူ မိသားစု၊ ဦးထွန်းငွေ မိသားစု၊ ဦးကျော်သောင်း မိသားစုနှင့် ဦးသက်ရှည်-ဒေါ်မိုးမိုး မိသားစုတို့က ငွေကျပ်တစ်သိန်းစီ၊ ဦးမောင်မောင်-ဒေါ်စန်းစန်းရီ မိသားစု၊ ဒေါ်တင်မြ မိသားစု၊ ဒေါ်မြင့်မြင့်စိန် မိသားစု၊ ဦးမြအေး-ဒေါ်တင်ဝင်း မိသားစုနှင့် ဒေါ်စန်းမြင့် မိသားစုတို့က ကျပ်ငါးသောင်းစီ ပေးအပ်လှူဒါန်းရာ ကျောင်းတိုက် သာသနာနုဂ္ဂဟအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးညွန့်သန်းနှင့်တာဝန်ရှိသူများက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

**(အပေါ်ပုံ)** (က-ပ)

### မှတ်သားဖွယ်ရာ မိုးရေချိန်များ

**၉-၉-၂၀၀၆**

**ပူတာအို**
၅ ဒသမ ၉၄ လက်မ

**မချမ်းဘော**
၄ ဒသမ ၁၃ လက်မ

**တောင်ငူ**
၂ ဒသမ ၁၆ လက်မ

**ကသာ**
၂ ဒသမ ၁၃ လက်မ

**ခန္တီး**
၁ ဒသမ ၄၉ လက်မ

**မန္တလေး၊ ကျောက်တော်၊ မြိတ်**
၀ ဒသမ ၇၉ လက်မ

လှိုင်သာယာမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ စတုတ္ထအကြိမ် စာပေညီလာခံ အတွေ့အကြုံရှင်းလင်းပွဲကို စင်တင်ဘာ ၃ ရက်က မြို့နယ်ပြန်/ဆက်ရုံးတွင် ကျင်းပရာ စက်မှုဇုန် (၃) FAME စက်ရုံမှ အလှူရှင် ဒေါက်တာခင်မောင်လွင်ကိုယ်စား မန်နေဂျာ ဦးတင်မောင်အေးက အလှူငွေကျပ်တစ်သိန်းကိုပေးအပ်လှူဒါန်းရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်ဝေတိုး လက်ခံစဉ်။ (မြို့နယ်စာပေစာနယ်ဇင်း)

## ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ အဲဗာတန်က လီဗာပူးကိုနိုင်

**ပရီမီယာလိဂ် အနိုင်အရှုံး**

| | |
|---|---|
| ချယ်လ်ဆီး | ၂ |
| ချာလ်တန် | ၁ |
| မန်ယူ | ၁ |
| တော့တင်ဟမ် | ၀ |

ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ၏ လအလိုက် အကောင်းဆုံး ဘောလုံးသမားဆုရရှိသူ ရိုင်ယန်ဂစ်။ *(ဓာတ်ပုံ-အင်တာနက်)*

လီဗာပူး စက်တင်ဘာ ၉

**အင်္ဂလိပ် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၉ ရက်က ကျင်းပရာ အဲဗာတန်အသင်းက လီဗာပူးအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။**

ပွဲချိန် ၂၃ မိနစ်တွင် တင်ကာဟီးလ်က အဖွင့်ဂိုးသွင်းယူခဲ့နိုင်သည်။ လီဗာပူးအသင်း၏ နောက်တန်း အားပျော့သွားချိန်တွင် ဂိုးသွင်းနိုင်ခြင်းဖြစ်သည်။

ယင်းနောက်တွင် ပွဲချိန် ၃၅ မိနစ်၌ အင်ဒရူးဂျွန်ဆင်က ဂျာမီကရပ်ဖာ၏ အမှားကို အခွင့်အရေးရယူကာ အဲဗာတန်အသင်းအတွက် ဒုတိယမြောက်ဂိုးကို သွင်းယူနိုင်သည်။

အင်ဒရူးဂျွန်ဆင်သည် ဒဏ်ရာရ အစားဖြည့် အချိန်ပိုတွင် နောက်ထပ်တစ်ဂိုးသွင်းသည်။ အဲဗာတန်အသင်းကို ပရီမီယာလိဂ် အမှတ်ပေးဇယားတွင် လေးပွဲကစား ၁၀ မှတ်ဖြင့် ထိပ်ဆုံးနေရာသို့ ရောက်ရှိလာခဲ့သည်။

***အင်တာနက်။***



စက်တင်ဘာ ၉ ရက်က ဂွတ်ဒီ ဆင်ပါ့ခ်ကွင်း၌ ကျင်းပသော ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ၌ အဲဗာတန်အသင်းမှ အင်ဒရူးဂျွန်ဆင် ပွဲသိမ်းဂိုး သွင်းယူစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

### လအလိုက် အကောင်းဆုံး ဘောလုံးသမားဆု ရိုင်ယန်ဂစ် ဆွတ်ခူး

**မန်ချက်စတာ စက်တင်ဘာ ၉**

မန်ချက်စတာယူနိုက်တက်အသင်းမှ တောင်ပံကစားသမားရိုင်ယန်ဂစ်သည် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ၏ လ အလိုက် အကောင်းဆုံး ဘောလုံးသမားဆုကို ရရှိကြောင်း စက်တင်ဘာ ၉ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဂစ်သည် အိုးလ်ထရက်ဖို့ဒ်ကွင်းတွင် နှစ်ပေါင်း အတန်ကြာကစားလာခဲ့ချိန်အတွင်း ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ၏ လအလိုက် အကောင်းဆုံးဆုကိုရရှိခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

ဂစ်၏ နည်းပြဖာဂူဆန်မှာလည်း ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ၏ လအလိုက် အကောင်းဆုံးနည်းပြဆုကို ရရှိသည်။

***အင်တာနက်။***

## ရုရှားတင်းနစ်မယ် ရှာရာပိုဗာ ယူအက်စ်အိုးပင်း ဗိုလ်လုပွဲတက်

နယူးယောက် စက်တင်ဘာ ၉

**ရုရှားတင်းနစ်မယ် မာရီယာရှာရာပိုဗာသည် အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် စက်တင်ဘာ ၈ ရက်က ကျင်းပသော အမေရိကန်အိုးပင်း တင်းနစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်း အကြိုဗိုလ်လုပွဲ၌ ကမ္ဘာ့နံပါတ် ၁ အဆင့်ရှိ အမ်မယ်လီမော်ရက်စ်မိုအားအနိုင်ရရှိကာ ယင်းတင်းနစ်ပြိုင်ပွဲ၏ ဗိုလ်လုပွဲသို့ ပထမဆုံးအကြိမ် တက်ရောက်သွားသည်။**

အမေရိကန်အိုးပင်း တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲသို့ ပထမဆုံးအကြိမ် တက်လှမ်းနိုင်သော ရုရှားတင်းနစ်မယ် မာရီယာရှာရာပိုဗာ ပွဲအပြီး ပရိသတ်ကို နှုတ်ဆက်စဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ရှာရာပိုဗာသည် ပြင်သစ် တင်းနစ်မယ် မော်ရက်စ်မိုအား ၆-၀၊ ၄-၆၊ ၆-၀ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခြင်းဖြစ်သည်။ ဝင်ဘယ်လ်ဒန် တင်းနစ်ချန်ပီယံဟောင်း ရှာရာပိုဗာသည် မော်ရက်စ်မို၏ အမှားများကို အသုံးချကာ အနိုင်ကစားခဲ့သည်။ ရှာရာပိုဗာသည် ဗိုလ်လုပွဲတွင် ဘယ်လ်ဂျီယံတင်းနစ်မယ် ဂျပ်စတင်းဟီနင်ဟာဒင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**တက်လှမ်းနိုင်**

တင်းနစ်မယ် ဂျပ်စတင်းသည် စက်တင်ဘာ ၈ ရက်က ဆာဘီးယား တင်းနစ်မယ် ဂျယ်လီနာ ဂျန်ကိုဗစ်ကို ၄-၆၊ ၆-၄၊ ၆-၀ ဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခြင်းဖြစ်သည်။

***အင်တာနက်။***

စက်တင်ဘာ ၇ ရက်က နယူးယောက်မြို့တွင် ကျင်းပသော အမေရိကန်အိုးပင်း တင်းနစ်ပြိုင်ပွဲတွင် ဂျိမ်းစ်ဘလိပ်ခ်အား အနိုင်ရရှိပြီးနောက် အောင်ပွဲခံနေသူ ရော်ဂျာဖက်ဒဲရား။ *(ဓာတ်ပုံ-အင်တာနက်)*



## ရော်ဂျာဖက်ဒဲရား အကြိုဗိုလ်လုပွဲသို့တက်

**နယူးယောက် စက်တင်ဘာ ၉**

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် စက်တင်ဘာ ၇ ရက်က ကျင်းပခဲ့သော အမေရိကန်အိုးပင်း တင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်း ကွာတားဖိုင်နယ်ပွဲတွင် ဆွစ်ဇာလန်လူမျိုး တင်းနစ်အကျော်အမော် ရော်ဂျာဖက်ဒဲရားက အမေရိကန်နိုင်ငံမှ တင်းနစ်သမား ဂျိမ်းဘလိပ်ခ်အား ၇-၆၊ (၉-၇)၊ ၆-၀၊ ၆-၇၊ (၉-၁၁)၊ ၆-၄ဖြင့်အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲအဆင့်သို့ တက်ရောက်သွားသည်။ ဖက်ဒဲရားသည် အကြိုဗိုလ်လုပွဲ၌ ရုရှားတင်းနစ်သမား နီကိုလေးဒါဗီဒင်ကိုနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

***အင်တာနက်။***

### ယနေ့ မိုးလေဝသ

**၁၀-၉-၂၀၀၆**

**နေပြည်တော်**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**ရန်ကုန်**

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မန္တလေး**

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ကွယ်လွန်သူ မိဘနှစ်ပါး ဖြစ်သော ဦးထွန်းလင်း-ဒေါ်နုနုတို့အားရည်စူး၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းနေ ဒေါ်ခင်ကြည်၊ ဒေါ်ခင်ရီ(ညီအစ်မ)တို့က အလှူငွေ ကျပ် ၁၀၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့်အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်အာစိဏ္ဏနှင့် အရှင်ဝီရိယရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

## အောင်စကြာမိုးကုတ်ရိပ်သာ ဝါတွင်းတရားစခန်းပွဲများ

**ရန်ကုန် စက်တင်ဘာ ၉**

သာကေတမြို့နယ်အောင်စကြာမိုးကုတ်ရိပ်သာ၌ စက်တင်ဘာ ၁၂ရက်မှ ၂၁ရက်အထိ ဦးဝိစိတ္တ(ခွဲစုံ)က လည်းကောင်း၊ စက်တင်ဘာ ၂၇ ရက်မှ အောက်တိုဘာ ၆ ရက်အထိ အောင်စကြာ အရှင်စန္ဒသိရီနှင့် ဆရာကြီးဦးဆန်းတင်တို့ကလည်းကောင်း သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်သည်။

တရားစခန်းဝင်လိုသောယောဂီများနှင့် စခန်းပွဲအတွင်း အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲလှူဒါန်းလိုသော စေတနာရှင်များသည် ဖုန်း-၅၄၇၀၂၈၊ ၀၉-၅၁၄၇၃၈၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် နှစ်ဖက်သော မိဘများအား ရည်စူး၍ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မင်္ဂလာလမ်းနေ ဦးငွေထွန်း-ဒေါ်သက်သက်၊ သမီးအိကေခိုင်၊သားလင်းမောင်သက်ထွန်း မိသားစုက အလှူငွေ ကျပ် ၁၀၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့်အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင်ဆရာတော် ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)




## ဆုတောင်းပြည့် ရန်မျိုးအောင်စေတီတော် ဘက်စုံတည်ဆောက်ရေးအလှူငွေပေးအပ်

**ရန်ကုန် စက်တင်ဘာ ၉**

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် စံပြရပ်ကွက် ဆုတောင်းပြည့် ရန်မျိုးအောင်စေတီတော်မြတ်ကြီး ဘက်စုံတည်ဆောက်ရေးအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက လာဘမုနိဘုရားတန်ဆောင်း၌ ကျင်းပရာ ရှေးဦးစွာ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလင်း(ရော)က စေတီတော် ဘက်စုံဖွံ့ဖြိုးမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက်အလှူငွေများလှူဒါန်းကြရာအောင်ဇေယျတောရကျောင်း ဆရာတော် ဘဒ္ဒန္တသောဘိတ(ဖောင်ကြီး)အား အမှူးထား၍ ဦးစံမြနှင့် ခုနစ်ရက်သားသမီးအလှူရှင်များက ရှင်ဥပဂုတ္တမထေရ်စံကျောင်းအတွက် အလှူငွေကျပ် ၈၁၆၀၀၀၊ ဦးမျိုးကြည် ဒေါ်ရင်ရင်စိုးနှင့် ခုနစ်ရက် သားသမီးအလှူရှင်များက ပတ္တမြားမယ်တော်ရုပ်တုအတွက် အလှူငွေကျပ် ၂၁၇၀၀၀နှင့် ရင်ပြင်တော်နေပူခံကျောက်ပြားခင်းရန်အတွက် အလှူငွေ ကျပ်၂၀၀၀၀၀၊ ဦးလှမိသားစုက ရင်ပြင်တော်နေပူခံကျောက်ပြားခင်းရန် အလှူငွေကျပ်၁၀၀၀၀၀၊ ဦးမြတ်စိုး ဒေါ်တင်တင်မြင့် မိသားစု ၂၅ ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်က စေတီတော်မြတ်ကြီး ဘက်စုံအတွက် အလှူငွေကျပ် ၅၀၀၀၀ တို့ကို လှူဒါန်းကြရာ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလင်း(ရော)နှင့် အလှည့်ကျဂေါပက ဗိုလ်မှူးကျော်မြင့်(ငြိမ်း) တို့က လက်ခံယူပြီးအနုမောဒနာဂုဏ်ပြုလွှာများပေးအပ်သည်။

**(အပေါ်ဝဲပုံ)** (၅၀၆)

## မြဝတီမြို့ အမျိုးသမီးအိမ်တွင်းမှု စက်ချုပ်သင်တန်းများဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၉

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကရင်ပြည်နယ် မြဝတီမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ် (၂၈)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၁၅)ဖွင့်ပွဲကို စက်တင်ဘာ ၄ရက်တွင် အဆိုပါသင်တန်းကျောင်း ခန်းမဆောင်၌ကျင်းပရာ သဃ်န်းညီနောင် တပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်နောင်က အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုမြင့်က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။**

ယင်းနောက် မြဝတီခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မော်မော်က သင်တန်းကျောင်းသို့ ရေအေးစက်တစ်လုံးကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းပြီး ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းသင်တန်းများသို့ မြဝတီခရိုင်နှင့်ကော့ကရိတ်ခရိုင်တို့မှ သင်တန်းသူများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၄ပတ်ကြာမြင့်မည်ဖြစ်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

## ဝါတွင်းကာလ တရားစခန်းဖွင့်မည်

**ရန်ကုန် စက်တင်ဘာ ၉**

မိုးကုတ်ဝိပဿနာ နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ အောင်ချမ်းသာဆရာတော် အရှင်စန္ဒသူရိယသည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၁၆) ရပ်ကွက် မြို့ဦးစေတီ ဘူတာရုံဓမ္မရိပ်သာကျောင်းတိုက်၌ စက်တင်ဘာ ၁၇ ရက်မှ စက်တင်ဘာ ၂၁ ရက်အထိ ဝါတွင်းကာလ တတိယအကြိမ် တရားစခန်း ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

## မြန်မာနိုင်ငံဆရာဝန်အသင်း သင်တန်းပို့ချမည်

**ရန်ကုန် စက်တင်ဘာ ၉**

မြန်မာနိုင်ငံဆရာဝန်အသင်း စဉ်ဆက်မပြတ်ဆေးပညာသင်ကြားရေးယူနစ် (CME ) မှ အထွေထွေရောဂါကုဆရာဝန်များအတွက် Diagnostic Medical- Surgical Procedures (2006) သင်တန်းကို စက်တင်ဘာ ၁၆ ရက်မှ နိုဝင်ဘာ ၁၉ ရက် အထိ စနေ၊ တနင်္ဂနွေနေ့တို့တွင် မွန်းတည့် ၁၂နာရီမှ ညနေ ၃နာရီအထိ သင်တန်းပို့ချမည်ဖြစ်သည်။

တက်ရောက်လိုသော ဆရာဝန်များသည် စက်တင်ဘာ ၁၁ရက်မှ ၁၅ရက်အထိရုံးချိန်အတွင်းစာရင်းသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ရန်ကုန်တိုင်းရဲတပ်ဖွဲ့ ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၉**

ရန်ကုန်တိုင်းရဲတပ်ဖွဲ့က ပြည်သူပိုင်ပစ္စည်းမှုခင်းများ ဖော်ထုတ်နိုင်မှု စွမ်းရည်ပြည့်ဝသော ရဲတပ်ဖွဲ့ဝင်များအား ဆုချီးမြှင့်သည့် အခမ်းအနားကို ယနေ့မွန်းတည့်၁၂နာရီတွင် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလှမင်းက ဆုချီးမြှင့်ရခြင်းကိုရှင်းလင်းပြောကြားပြီး တိုင်းရဲတပ်ဖွဲ့မှူးနှင့် ဒုတိယတိုင်းရဲတပ်ဖွဲ့မှူးတို့က ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ လှိုင်၊ အလုံ၊ မရမ်းကုန်း၊ သန်လျင်၊ မှော်ဘီနှင့် ထန်းတပင်မြို့နယ်တို့မှ ပြည်သူပိုင်ပစ္စည်း ခိုးယူခံရသည့် မှုခင်းများကိုဖော်ထုတ်နိုင်ခဲ့သည့် တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ရန်ကုန်တိုင်းရဲတပ်ဖွဲ့က ပြည်သူပိုင်ပစ္စည်း မှုခင်းများ ဖော်ထုတ်နိုင်မှု စွမ်းရည်ပြည့်ဝသော ရဲတပ်ဖွဲ့ဝင်များအား ဆုချီးမြှင့်သည့်အခမ်းအနားတွင် ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလှမင်း မှုခင်းများအားဖော်ထုတ်နိုင်ခဲ့သည့် တပ်ဖွဲ့ဝင်တစ်ဦးအား ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

## အင်အားပြင်းထန်သော မြေငလျင် လှုပ်ရှား

**ရန်ကုန် စက်တင်ဘာ ၉**

၂၀၀၆ ခုနှစ် စက်တင်ဘာ ၉ရက် မြန်မာစံတော်ချိန် ၁၀နာရီ ၄၃မိနစ် ၁၂စက္ကန့် အချိန်တွင်ကမ္ဘာအေးမြေငလျင်စခန်း၏ အရှေ့တောင်ဘက်မိုင် ၂၃၀၀ ခန့် ကွာသောနေရာ (မြန်မာနိုင်ငံပြင်ပ) ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၆ဒသမ၅ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

**စက်တင်ဘာ၃ရက်ကကျင်းပသည့် ၂၀၀၅-၂၀၀၆ ပညာသင်နှစ် သာကေတမြို့နယ် အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားတွင် ငါးနှစ်ဆက်တိုက် ပထမဆုရ မောင်ဝေယံဖြိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းငွေ ဆုချီးမြှင့်စဉ်။** (ပညာရေး)

## စက်တင်ဘာလ ဒုတိယ၁၀ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ရန်ကုန် စက်တင်ဘာ ၉**

အနောက်တောင်မုတ်သုံလေသည် စက်တင်ဘာလ ဒုတိယရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှ ဆုတ်ခွာနိုင်သည်။ ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအနည်းငယ်မှ အသင့်အတင့်ရှိနိုင်သည်။

မိုးအခြေအနေများမှာ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မကွေးတိုင်းတို့တွင်ရွာသွန်းမြဲအောက် ရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ရွာသွန်းမြဲခန့် ထစ်ချုန်းရွာနိုင်သည်။

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် စင်တီမီတာ၁၂၀(လေးပေခန့်)၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် စင်တီမီတာ၆၀ (နှစ်ပေခန့်)နှင့် ညောင်ဦးမြို့၊ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် စင်တီမီတာ၃၀ (တစ်ပေခန့်)လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည်ခန္တီးနှင့် ဟုမ္မလင်းမြို့တို့တွင် စင်တီမီတာ ၁၅၀(ငါးပေခန့်)၊ မော်လိုက်မြို့နှင့်ကလေးဝမြို့တို့တွင် စင်တီမီတာ ၉၀ (သုံးပေခန့်)နှင့် မုံရွာမြို့တို့တွင် စင်တီမီတာ ၆၀ (နှစ်ပေခန့်) လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

**နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုပေးပွဲကို စက်တင်ဘာ ၉ရက်က တောင်ဥက္ကလာပမြို့နယ်တွင်ကျင်းပရာ အထက်တန်းဆင့် စာစီစာကုံးပြိုင်ပွဲတွင် မြို့နယ်အဆင့် ပထမဆုရရှိသော အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း ဒသမတန်းမှ မခင်သဇင်ရတနာထွန်းအား မြို့နယ်ပညာရေးမှူး ဒေါ်ရီရီစိန် ဆုချီးမြှင့်စဉ်။**(၆၄)

## အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ သန္ဒေပင်ကျေးရွာနေ (ဦးအောင်တင်)-ဒေါ်ငွေကြည် (ISN-400206) ၏သားဖြစ်သူ ဦးဟန်အောင်[၁၂/မဘန(နိုင်) ၀၃၂၄၆၈] သည် မိဘ၏ခွင့်ပြုချက်မယူဘဲ အလွဲသုံးစားမှုများ ပြုမူဆောင်ရွက်ခဲ့ပါသဖြင့် ၂၉-၈-၂၀၀၆ ရက်မှစ၍ အမွေစားအမွေခံသားအဖြစ်မှစွန့်လွှတ်လိုက်ပါသည်။ ၎င်းမိသားစုကိစ္စမှန်သမျှအားလုံးကိုလည်း တာဝန်မယူတော့ပါကြောင်း သိစေအပ်ပါသည်။

**ဒေါ်ငွေကြည်**
**(ISN-400206)**
**သန္ဒေပင်ကျေးရွာ မှော်ဘီမြို့**

## လူပျောက်ကြော်ငြာ

**သား မောင်မျိုးညီညီ (နိုနို)**

အဖေနှင့်အမေ စိတ်ပူနေသည်။ အမြန်ဆုံးပြန်လာပါ။ တွေ့ရှိပါက ၂၅၈၅/က၊ လှော်ကားလမ်း (၇၁) ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ဖုန်း-၅၉၁၃၆၄သို့အကြောင်းကြားပါ။ ကျေးဇူးဆပ်ပါမည်။ လက်ခံထားသူအား တရားဥပဒေအရ အရေးယူမည်။

**ဦးလှမျိုးသိန်း**
**ဒေါ်တင်တင်ဟန်**

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ နှစ်နိုင်ငံချစ်ကြည်ရေးခရီးစဉ်အဖြစ် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်မတော်မှ Deputy Chief of Naval Staff, Vice Admiral RP Suthan နှင့်အဖွဲ့ဝင်များ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြစဉ်။ (သတင်းစဉ်)

# ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား အိန္ဒိယရေတပ်မတော် ဒုတိယဦးစီးချုပ်နှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၉

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ နှစ်နိုင်ငံ ရေတပ်အချင်းချင်း ချစ်ကြည်ရေးခရီးစဉ်အဖြစ် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယ ရေတပ်မတော်မှ Deputy Chief of Naval Staff, Vice Admiral RP Suthan နှင့်အဖွဲ့ဝင်များသည် ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်သို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

**တက်ရောက်**

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့်အတူ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်းနှင့် တပ်မတော်(ရေ)မှ အရာရှိကြီးများ တက်ရောက်ကြပြီး အိန္ဒိယရေတပ်မတော်မှ Deputy Chief of Naval Staff, Vice Admiral RP Suthan နှင့်အတူ Commodore, SL Deshmukh နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ စစ်သံမှူး Colonel, Jasvinder Singh Chopra တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

# နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ဒေသဆိုင်ရာအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်လို NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှုမရှိ ကျောင်းကုန်းမြို့နယ် NLD ပါတီဝင် ၁၅ ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် စက်တင်ဘာ ၉

ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဒေါ်သိန်းသိန်းဆင့်၊ ဦးဝင်းမြင့်၊ ဒေါ်အေးမိစံ၊ ဦးမောင်မောင်၊ ဒေါ်စီစီသန်း၊ ဦးသန်းရွှေ၊ ဒေါ်အုန်းမြင့်၊ ဦးမောင်မောင်ဌေး၊ ဦးမြသောင်းနှင့် ဒေါ်မြစိန်တို့အပါအဝင် ပါတီဝင် ၁၅ ဦးတို့သည် ဩဂုတ် ၁၅ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ ဆန္ဒအလျောက် နုတ်ထွက်လွှာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာဒေသ အာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ကျောင်းကုန်းမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့သည် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ဒေသဆိုင်ရာအာဏာပိုင်များနှင့် လက်တွဲ၍ ပူးပေါင်းဆောင်ရွက်လိုကြောင်း၊ NLD ပါတီနှင့် ပါတီခေါင်းဆောင်များ အပေါ်တွင်လည်း ယုံကြည်အားထားမှုမရှိတော့သဖြင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)



တီဘီအဆုတ်နာရောဂါသည် ဆေးမတိုးသော အိတ်စ်ဒီအာပိုးကြောင့် ရောဂါကူးစက်မှုအခြေအနေ ဆိုးရွားလာနိုင်သည်။ (ဓာတ်ပုံ-အင်တာနက်)

# ဆေးမတိုးသော တီဘီရောဂါပိုး အန္တရာယ်ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိပေး

ဝါရှင်တန် စက်တင်ဘာ ၈

ကမ္ဘာ့တစ်ဝန်းတွင် ပြန့်ပွားလျက်ရှိသော ဆေးမတိုးသည့် အဆုတ်နာတီဘီရောဂါသည် တဖြည်းဖြည်းဆိုးရွားသည့်အခြေအနေသို့ ရောက်ရှိလာနိုင်သဖြင့် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရန် လိုအပ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိပ်ချ်အို)က သတိပေးထားသည်။

ထိုရောဂါဖြစ်ပွားစေသော ပိုးအမျိုးအစားကို ပညာရှင်များက အိတ်စ်ဒီအာ အမျိုးအစားဟု သတ်မှတ်ထားသည်။ ယင်းရောဂါပိုးသည် သာမန်ဝေဒနာသည်များတွင်သာဖြစ်ပွားသည်မဟုတ် ခုခံအားကျ အိပ်ချ်အိုင်ဗွီရောဂါသည်များကိုပါ ကူးစက်နေသဖြင့် အခြေအနေဆိုးရွားလျက်ရှိကြောင်း ဂျီနီဗာအခြေပြုဆေးပညာဆိုင်ရာဌာနက ထုတ်ပြန်သည်။

ဆေးမတိုးသော တီဘီရောဂါပိုးကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနတို့က ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၄ခုနှစ်ကာလအတွင်း ပူးပေါင်းလေ့လာမှုများပြုလုပ်ရာမှ တွေ့ရှိခြင်းဖြစ်သည်။ စာမျက်နှာ ၁၁ ကော်လံ ၃ သို့

# အမေရိကန် ကြက်ခြေနီက သွေးလှူရာ၌ သတ်မှတ်စည်းကမ်းမလိုက်နာ၍ အက်ဖ်ဒီအေ အရေးယူ

**အင်တာနက်သတင်း**



သွေးနီဥများကို ပုံကြီးချဲ့ပြထားသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပေကျင်း စက်တင်ဘာ ၉

အမေရိကန်ကြက်ခြေနီအသင်း(အေအာရ်စီ)သည် လှူဒါန်းသော သွေးများနှင့်ပတ်သက်၍ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန် ပျက်ကွက်ခဲ့သည့်အတွက် အမေရိကန်နိုင်ငံ အစားအစာနှင့် ဆေးဝါးကြီးကြပ်ရေးအဖွဲ့က အေအာရ်စီအပေါ် ဒဏ်ငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၂ သန်း ပေးဆောင်ရန် ဒဏ်တပ်ရိုက်ခဲ့သည်။

သွေးလှူဒါန်းသူ လူနာများအား မေးရသည့် မေးခွန်းများကို မေးမြန်းစစ်ဆေးရန် ပျက်ကွက်သည်သာမက သွေးကိုရယူစစ်ဆေးရာ၌လည်း လိုက်နာရမည့် စစ်ဆေးမှုများကို မဆောင်ရွက်ခြင်းစသော ပျက်ကွက်မှုများရှိသည်ဟု ဆိုသည်။ စာမျက်နှာ ၁၁ ကော်လံ ၁ သို့